မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၉၀)၊ ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်၊ ၁၆-၆-၂၀၂၆၊ အင်္ဂါနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အာကာသမြို့တော်(Aerospace City)သို့ သွားရောက်လေ့လာ

နေပြည်တော် ဇွန် ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အာကာသမြို့တော် (Aerospace City)သို့ သွားရောက်လေ့လာကြသည်။

စာမျက်နှာ ၃ သို့



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ရှိ အာကာသမြို့တော် (Aerospace City)တွင် ကြည့်ရှုလေ့လာစဉ်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၅

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ



## ဖက်ရှင်ဆိုင်ရာ ယွန်းထည်ပစ္စည်းများအား လူငယ်များ စိတ်ဝင်စားမှု မြင့်တက်လာ

ရန်ကုန် ဇွန် ၁၅

ပြည်တွင်းဈေးကွက်၌ ယွန်းဆွဲကြိုး၊ ယွန်းနားဆွဲနှင့် ယွန်းလက်ကိုင်ပိုက်ဆံအိတ်များအပေါ် လူငယ်များ၏ ဖက်ရှင်ဆိုင်ရာ စိတ်ဝင်စားမှု မြင့်တက်လာကြောင်း Bagan House Lacquerware မှ သိရသည်။

"အခုလက်ရှိမှာတော့ ယွန်းထည်က ပြည်တွင်းဈေးကွက်မှာဆိုရင် ယွန်းဆွဲကြိုး၊ လက်ကိုင်အိတ်၊ နားဆွဲ အစရှိသည့် ဖက်ရှင်နဲ့ပတ်သက်တဲ့ လူငယ်တွေအကြိုက် အသုံးအဆောင်ပစ္စည်းတွေ စိတ်ဝင်စားမှုများနေတယ်။ ပိုရောင်းရပါတယ်။

စာမျက်နှာ ၄ သို့

## မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများ မိုးစပါးစိုက်ပျိုးရန် လုပ်ငန်းများ စတင်ဆောင်ရွက်

မြစ်သား ဇွန် ၁၅

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(ယာပုံ)

မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများမှာ မိုးစပါးကို အဓိကထားစိုက်ပျိုးကြကြောင်း၊ အဆိုပါမိုးစပါးစိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီသော မျိုးကောင်း မျိုးသန့် စိုက်ပျိုးနိုင်ရေး စိုက်နည်းစနစ်မှန်ကန်စေရေး၊ သွင်းအားစုများ စနစ်တကျ အသုံးပြုနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

"မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူတွေဟာ စပါးစိုက်ပျိုးမယ့် လယ်ယာမြေတွေကို ထယ်ရေးညက်အောင် ထွန်ယက်ပြုပြင်လျက်ရှိပါတယ်။ အဲ့ဒီလို မြေယာပြုပြင်ရာမှာ ကိုယ်ပိုင်ထွန်စက်နဲ့ ထွန်ယက်ကြသူတွေရှိသလို ငှားရမ်းထွန်ယက်ကြသူတွေလည်း ရှိပါတယ်။ တောင်သူတွေက မိုးစပါးကို အဓိက စိုက်ပျိုးကြတဲ့အတွက် ပြည်တွင်းဆန်ဖူလုံဖို့ အထောက်အကူပြုပါတယ်"ဟု မြစ်သားမြို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ပြောသည်။

မြစ်သားမြို့နယ်အတွင်းရှိ တောင်သူများမှာ စပါးကို အဓိကထားစိုက်ပျိုးကြသည့်အတွက် ပြည်တွင်းစားသုံးဆန်ဖူလုံရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ ဒေသခံတောင်သူများ အနေဖြင့် သွင်းအားစု စရိတ်များ ကြီးမြင့်သော်လည်း မိုးလေဝသ ကောင်းမွန်၍ အလေအလွင့် ဆုံးရှုံးမှုနည်းကာ သီးနှံအထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ရရှိအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)



## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၅

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇွန် ၁၆ ရက်၊ အင်္ဂါနေ့။

မန္တလေး

# အကျင့်ကောင်းခြင်းသည် စိတ်ကောင်းမှ ထွက်ပေါ်လာခြင်းဖြစ်

မိဘနှင့်ဆရာများက မိမိတို့၏ သားသမီး၊ တပည့်များကို ဗလငါးတန်နှင့် ပြည့်စုံပြီး တိုင်းပြည်က အားထားရသော လူတော်လူကောင်းများ ဖြစ်စေချင်သည်။ စိတ်ရင်း စိတ်ထားကောင်းကောင်းဖြင့် အများအကျိုးသယ်ပိုးလိုသော စိတ်ကောင်းစေတနာကောင်းရှိသူများ ဖြစ်စေချင်သည်။ စိတ်ကောင်းစေတနာကောင်းမှာ စာရိတ္တကောင်းမွန်ရန် လိုအပ်ပေသည်။ ဗလငါးတန်တွင် အဓိကအကျဆုံးသောအရာမှာ စာရိတ္တဗလဖြစ်သည်။ စာရိတ္တကောင်းမွန်ရန်အတွက် စောင့်စည်းအပ်သည်ကို စောင့်စည်းရပေမည်။ စာရိတ္တဖြည့်တင်းခြင်းမှာ မကောင်းသည်ကို ရှောင်၍ ကောင်းသည်ကို ဆောင်ခြင်းပင် ဖြစ်လေသည်။

လူ့လောကတွင် ကောင်းသည်ကို မဆောင်ရွက်သည်ထက် မကောင်းသည်ကို ရှောင်နိုင်ခြင်းမှာ တစ်ဝက်သော အောင်မြင်မှုကို ရယူနိုင်လေသည်။ ကောင်းသော အပြုအမူကိုပြုလျှင် ကောင်းမွန်သည်။ မကောင်းသော အပြုအမူကို ပြုမူလျှင် ဆုတ်ယုတ်ထိခိုက်စေနိုင်ပါသည်။ မကောင်းမှုကိုရှောင်ရန် အရည်အချင်းမှာ မကောင်းမှုနှင့် ကောင်းမှုတွင် မကောင်းမှုဘက်သို့သာ နွယ်တတ်သော လူ့လောကဝယ် အထူးလိုအပ်လေသည်။ မကောင်းမှုကို ရှောင်ခဲ့လျှင် ပြုသမျှသည် ကောင်းမှုများသာဖြစ်နိုင်လေသည်။ မကောင်းမှုကို ရှောင်ရှားရန်မှာ ခိုင်မာသောစိတ်၊ သန့်စင်သောဆန္ဒဖြင့် နေထိုင်သွားလာရန် ဖြစ်သည်။ မိမိစိတ်ကို ချုပ်တည်းနိုင်ခြင်းသည် အောင်မြင်မှု၏ လမ်းအစကို တွေ့မြင်ရခြင်း ဖြစ်သည်။ စိတ်ပင်ပန်းသည်ဟု ဆိုနိုင်စေကာမူ မကောင်းမှုကို ပြုရန် ဆန္ဒရှိတော့မည် မဟုတ်ပေ။ လူတစ်ဦးတွင် လိုချင်တပ်မက်မှု လောဘနည်းနိုင်သမျှနည်းအောင် စိတ်ကိုထိန်းချုပ်နိုင်ခြင်းသည် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်မည့်အရေးကို တားဆီးလိုက်ခြင်း ဖြစ်ပေသည်။

ထို့ပြင် စာရိတ္တကောင်းသူတစ်ဦးသည် အိမ်၌ဖြစ်စေ၊ လုပ်ငန်းခွင်၌ဖြစ်စေ၊ ဘဝလမ်းကြောင်းနှင့် ဆက်ဆံရေးပြင်ပလောက၌ဖြစ်စေ ချစ်ခင်သူများပြားပေမည်။ စာရိတ္တကောင်းခြင်းသည် တစ်နေ့အမူ၊ တစ်လအမူမဟုတ်ပေ။ တစ်သက်တာ အမူပင် ဖြစ်လေသည်။ အကျင့်ကောင်းခြင်းသည် စိတ်ကောင်းမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

စိတ်ဓာတ်ကောင်းသူသည် အတတ်ပညာထူးချွန်သူထက် ပေါင်းသင်းအပ်သော မိတ်ဆွေဖြစ်လေသည်။ လူငယ်တစ်ယောက် စာရိတ္တကောင်းသည်ဟု ပြောဆိုချီးမွမ်းရာ၌ သူသည် စာရိတ္တဟူသော အရည်အချင်းကို စောင့်စည်းမှု၊ လိုက်နာမှု၊ သိမြင်မှု၊ ပြုပြင်မှု၊ ထိန်းသိမ်းမှုတို့ဖြင့် ပေါင်းဖွဲ့ထုထောင်ထား၍ ချီးမွမ်းခံရခြင်းဖြစ်သည်။

လူတစ်ဦးနှင့်တစ်ဦးအကဲဖြတ် စဉ်းစားဆုံးဖြတ်ကြသည့်အခါ စာရိတ္တကောင်းခြင်း၊ မကောင်းခြင်းသည် အဓိက ဆုံးဖြတ်ရာဖြစ်သည်။ လူတို့သည် အသက်ရှင်နေသမျှ ကာလပတ်လုံးလှုပ်ရှားဆောင်ရွက်ရန်ကိစ္စအဝဝ ရှိသမျှအတွက် အရည်အချင်းသုံးစွဲရမြဲဖြစ်လေသည်။ ထိုသို့အမျိုးမျိုးကို သုံးစွဲရာတွင် စာရိတ္တသည် လူတို့အတွက် လိုအပ်သော ပဲ့ကိုင်အရည်အချင်း ဖြစ်သည်။ မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊ မကောင်းမှု ပြုရမည်ကို ကြောက်ခြင်းဟူသော "ဟိရိဩတ္တပ္ပ" တရားနှစ်ပါးကို စောင့်ထိန်းလိုက်နာကျင့်ကြံသူသည် စာရိတ္တကောင်းသူအဖြစ် အများက သတ်မှတ်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မဟာဝိဟာရသာသနာ့မော်ကွန်းမဂ္ဂဇင်း အမှတ်(၄)စာအုပ်အတွက် စာမူရှင်များ ဖိတ်ခေါ်

**မန္တလေး ဇွန် ၁၅**

မန္တလေးမြို့၊ ပြင်ဦးလွင်မြို့တို့ရှိ မဟာဝိဟာရကျောင်းတိုက် ဥပဋ္ဌာကအဖွဲ့မှ ကြီးမှူး၍ ပရိယတ်၊ ပဋိပတ်သာသနာပြုလုပ်ငန်းများ ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်ထွန်းလင်းတောက်ပစေရေး အထောက်အကူပြုစာစုများ ပေါ်ထွန်းရေးရည်ရွယ်၍ မဟာဝိဟာရသာသနာ့မော်ကွန်းမဂ္ဂဇင်း အမှတ်(၄)စာအုပ်ကို စတုတ္ထအကြိမ် ဗောဓိပူဇာညောင်ရေသွန်းလောင်းမင်္ဂလာအထိမ်းအမှတ်အဖြစ် ထုတ်ဝေမည်ဖြစ်၍ သာသနာပြုကုသိုလ်ရယူကြမည့် စာမူလက်ရာရှင် ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုနှင့် စာရေးဆရာ၊ စာရေးဆရာမများ ပါဝင်ရေးသားကြရန် ဥပဋ္ဌာကအဖွဲ့က နှိုးဆော်တိုက်တွန်းဖိတ်ခေါ်လျက်ရှိသည်။

အဆိုပါ မဂ္ဂဇင်းအမှတ်(၄)စာအုပ်တွင် ဗုဒ္ဓဝင်ဖြစ်တော်စဉ်၊ အမေ့နို့ဖိုးနှင့် အဖေ့ချွေးဖိုးဆပ်၊ ကဗျာတို၊ ကဗျာရှည်၊ ခေတ်ပေါ်ကဗျာ၊ တစ်မျက်နှာ ဝတ္ထုတို၊ ဆောင်းပါး၊ အက်ဆေး၊ ဝတ္ထုတို၊ ကာတွန်း၊ အတွေးဒသသန၊ ပြဇာတ်အခန်းနှင့် တစ်ခန်းရပ်ပြဇာတ်အကြောင်းအရာပါ ကဏ္ဍများပြည့်စုံစွာ ထည့်သွင်းဖော်ပြသွားမည်ဖြစ်၍ ရေးသားပေးပို့နိုင်ကြပြီး စာမူများပေးပို့ရာတွင် A4 စာရွက်ဖြင့်သာ ရေးသားပေးပို့ကြပါရန်၊ စာမူများကိုလည်း ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ တက္ကသိုလ်တေဇာလင်း၊ ဖုန်းနံပါတ် ၀၉-၂၅၀၃၈၃၇၀၅၊ အောင်တင်ဝင်း(ငါ့သရောက်)၊ ဖုန်းနံပါတ် ၀၉-၄၄၄၀၃၆၇၂၂၊ ဝေမင်းသန့်(မန်ကျည်းဗုဓ်) ဖုန်းနံပါတ် ၀၉-၇၈၂၃၆၅၃၂၄ နှင့် တိုးတိုး(မန်းမြောက်ထားဝယ်)၊ ဖုန်းနံပါတ် ၀၉- ၂၅၉၀၄၆၃၆၃ တို့ထံ ကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောနှင့် စာတိုက်များမှ ဖြစ်စေ၊ Viber၊ Messenger ၊ Email: ayeaye-toe1991@gmail.com ဖြစ်စေ ပေးပို့နိုင်ကြောင်း သိရသည်။

(ဝ၅၃)

## UMM Rector Cup (2026)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၁၅**

၂၀၂၆ ပညာသင်နှစ် မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ်ဖလား အတန်းအလိုက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက မန္တလေးမြို့ ဗထူးအားကစားကွင်းတွင် ကျင်းပရာ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာမျိုးသက်တင်၊ ဒုတိယပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာစည်သူနှင့် ပါမောက္ခဒေါက်တာ ချစ်သက်အောင်၊ ဆရာ၊ ဆရာမများ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးလှိုင်ဌေးအောင်နှင့် တာဝန်ရှိသူများ ပြိုင်ပွဲဝင်အသင်းခုနစ်သင်းမှ အုပ်ချုပ်သူ နည်းပြများ၊ အားကစားသမားများ၊ ဆေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဘင်ခရာအဖွဲ့ဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ (အောက်ပုံ)



ဦးစွာ ကွင်းအတွင်း နေရာယူထားကြသည့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။ ထို့နောက် ပြိုင်ပွဲတွင် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ မျိုးသက်တင်က အဖွင့်အမှာစကား ပြောကြားပြီး ပါမောက္ခချုပ်နှင့် အဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲပွဲစဉ်အဖြစ် Year 4 Junior(B) အသင်းနှင့် Year 3+ H.S အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြရာ ပြိုင်ပွဲအပြီး Year 4 Junior(B) အသင်းက နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်းနှင့် အဆိုပါဘောလုံးပြိုင်ပွဲကို ဇွန် ၁၅ ရက်မှ ဇွန် ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

၀-၀-၀-၀-၀

## မန္တလေး အမျိုးသမီးလုပ်ငန်းရှင်များအသင်းမှ ကျောင်းသုံးပစ္စည်းနှင့် စာရေးကိရိယာများ၊ မုန့်များ ထောက်ပံ့လှူဒါန်း

**မန္တလေး ဇွန် ၁၅**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးအမျိုးသမီးလုပ်ငန်းရှင်များအသင်းမှ ကျောင်းသုံးပစ္စည်းနှင့် စာရေးကိရိယာများ၊ မုန့်များ ထောက်ပံ့လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက အမရပူရမြို့နယ်ရှိ ရွှေလေးအခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲသို့ အမရပူရခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ကိုလင်း၊ အမရပူရမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ဦးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးအမျိုးသမီးလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းဝင်လုပ်ငန်းရှင်များ၊ ရွှေလေးကျေးရွာ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးအမျိုးသမီးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါ်အေးအေးအောင်၊ ဒုဥက္ကဋ္ဌ(၁) ဒေါ်ကြည်ကြည်ဆွေ၊ အတွင်းရေးမှူး ဒေါ်အေးအေးခိုင်နှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင် အမျိုးသမီးလုပ်ငန်းရှင်များသည် ရွှေလေးအခြေခံပညာ မူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူကလေးငယ် ၁၉၄ ဦးအတွက် ကျောင်းသုံးပစ္စည်းနှင့် သင်ထောက်ကူ စာရေးကိရိယာများ၊ မုန့်များကို တစ်ဦးချင်းစီ ထောက်ပံ့လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများကို ထောက်ပံ့ငွေများပေးအပ်ရာ ရွှေလေးအခြေခံပညာမူလတန်းကျောင်း၏ ကျောင်းအုပ်ကြီး ဆရာမကြီး ဒေါ်အိအိဖိုလ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

မန္တလေးမြို့ အခြေစိုက် မန္တလေးအမျိုးသမီးလုပ်ငန်းရှင်များအသင်းသည် အမျိုးသမီးလုပ်ငန်းရှင်များ စုပေါင်းဖွဲ့စည်းထားသည့်အသင်းဖြစ်ပြီး ဘာသာရေး၊ သာသနာရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ပရဟိတလုပ်ငန်းများအတွက် လှူဒါန်းထောက်ပံ့လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❂ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား Aerospace City အတွင်းရှိ တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း (CASC)၌ Aerospace City ၏ အမှုဆောင်ချုပ်ဖြစ်သူ မစ္စတာ ကျိုးကျဲနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ခန်းမဆောင်တွင် Aerospace City မှ အမှုဆောင်ချုပ်က ယခုကဲ့သို့ တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း (CASC)သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ လာရောက်လေ့လာမှုအပေါ် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ မြန်မာ - တရုတ်နှစ်နိုင်ငံနှင့် ပြည်သူများသည် နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် ဆက်ဆံရေး အထူးကောင်းမွန်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသည် ပြည်သူများမှ ပေါက်ဖွားလာခြင်းဖြစ်ပြီး အေးအတူပူအမျှ အပြန်အလှန် ဖေးမကူညီကြသော ကောင်းမွန်သည့် ချစ်ကြည်ရင်းနှီးမှုပင်ဖြစ်ပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် Aerospace City မှ အမှုဆောင်ချုပ်နှင့် တာဝန်ရှိသူများက Aerospace City ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး Aerospace City ဆိုင်ရာ Video Clip ကို ဖွင့်လှစ်ပြသရာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Exhibition Hall အတွင်းရှိ Aerospace City ၏ သမိုင်းကြောင်းဆိုင်ရာ ပြခန်း၊ Baidu Navigation System ပြခန်း၊ Telecommunication System ပြခန်း၊ Earth Remote Sensing (ERS) ဆိုင်ရာပြခန်း၊ အာကာသယာဉ်မှူးလေ့ကျင့်ရေး စနစ်ဆိုင်ရာပြခန်းတို့အား ပြခန်းတစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုကြရာ Aerospace City မှ အမှုဆောင်ချုပ်နှင့် ပြခန်းများအလိုက် တာဝန်ရှိသူများက တရုတ်နိုင်ငံမှ အာကာသအတွင်းသို့ အာကာသယာဉ်များ လွှတ်တင်နိုင်ခဲ့မှု သမိုင်းကြောင်းဆိုင်ရာများနှင့် မြေပြင်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့မှုများ၊ အာကာသစခန်း တည်ဆောက်နိုင်ခဲ့မှုများ၊ လပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့မှု၊ ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ခဲ့မှုများ၊ အာကာသယာဉ်များ၏ စွမ်းဆောင်ရည်များ၊ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အဆိုပါ Aerospace City သည် ပေကျင်းမြို့ Haiden district ၏ အနောက်မြောက်ပိုင်းတွင် တည်ရှိပြီး "Project 921" ဟု မကြာခဏ ရည်ညွှန်းလေ့ရှိကာ အာကာသယာဉ်မှူးလေ့ကျင့်ရေး အခြေစိုက်စခန်းနှင့် မစ်ရှင်ထိန်းချုပ်ရေး စင်တာတစ်ခုဖြစ်သည်။ အဆိုပါ အဆောက်အအုံသည် ပေကျင်း အနောက်မြောက်ပိုင်းရှိ ၂ ဒသမ ၃ စတုရန်းကီလိုမီတာ(၅၇၇ ဧက) ကျယ်ဝန်းသော မြေပေါ်တွင် တည်ရှိသော ကြီးမားသည့် ကျောင်းဝင်းတစ်ခု ဖြစ်ကြောင်း၊ ၁၉၉၈ ခုနှစ်တွင် စတင်လည်ပတ်ခဲ့ပြီး ပေကျင်းအာကာသထိန်းချုပ်ရေးစင်တာ(Beijing Aerospace Control Centre – BACC)၊ တရုတ်အာကာသ နည်းပညာအကယ်ဒမီ (China Academy of Space Technology – CAST)နှင့် တရုတ်အာကာသယာဉ်မှူး စင်တာ (Astronaut Centre of China – ACC)တို့၏ အခြေစိုက်ရာ နေရာဖြစ်သည်။

Aerospace City အတွင်းရှိ တရုတ်အာကာသ သိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း(CASC) သည် တရုတ်ဗဟိုအစိုးရမှ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲသော နိုင်ငံတော်ပိုင် အဆင့်မြင့်နည်းပညာ အဖွဲ့အစည်းတစ်ခုဖြစ်၍ တရုတ်အာကာသ အစီအစဉ်များကို အဓိကဆောင်ရွက်လျက်ရှိပြီး နိုင်ငံ၏ ကာကွယ်ရေးနှင့် အာကာသဆိုင်ရာ စူးစမ်းလေ့လာမှုများကို ပြုလုပ်ပေးလျက်ရှိကြောင်း၊ အာကာသစနစ်များအတွက် ကမ္ဘာ့အဆင့်မီ ကုမ္ပဏီ စုစုပေါင်း ၅၀၀ ပေါင်းစည်း၍ သုတေသန၊ ဒီဇိုင်း၊ ထုတ်လုပ်မှု၊ စမ်းသပ်မှုနှင့် ဂြိုဟ်တုလွှတ်တင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ CASC သည် အာကာသပို့ဆောင်ရေးစနစ် အနေဖြင့် တရုတ်အာကာသ ပျံသန်းမှု၏ အဓိကမဏ္ဍိုင်ဖြစ်သော ချန်ကျန်း (Changzheng) တာဝေးပစ်ဒုံးယာဉ်များ၏ ဒီဇိုင်းပြုလုပ်ခြင်းနှင့် ထုတ်လုပ်ခြင်း၊ မောင်းနှင်သူလိုက်ပါသော အာကာသယာဉ် ပျံသန်းရေးနှင့် စူးစမ်းလေ့လာရေး လုပ်ငန်းများအနေဖြင့် ထျန်းကုန်း (Tiangong) အာကာသစခန်း တည်ဆောက်ခြင်း၊ ချန်အာ (Chang'e) လသို့ စူးစမ်းလေ့လာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ထျန်းဝမ်(Tianwen) မားစ်သို့ စူးစမ်းလေ့လာရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဂြိုဟ်တုစနစ်များဖြစ်သည့် ပေသို(BeiDou) ဂြိုဟ်တုစနစ် ပတ်လမ်းကြောင်း အပါအဝင်၊ ကောင်းဖန်း(Gaofen) ကမ္ဘာကို လေ့လာသော ဂြိုဟ်တုနှင့် ဆက်သွယ်ရေးဂြိုဟ်တုများ ထုတ်လုပ်ခြင်းနှင့် စီမံဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး အာကာသနည်းပညာအသုံးချမှုအနေဖြင့် သတင်းအချက်အလက်နည်းပညာ၊ စွမ်းအင်သစ်၊ အဆင့်မြင့်ထုတ်ကုန်များနှင့် ပတ်ဝန်းကျင်အကာအကွယ်ပေးရေး ဆိုင်ရာ အထောက်အကူပြု ကိရိယာများ ထုတ်လုပ်ခြင်းတို့ကို အရပ်ဘက်ကဏ္ဍများအထိ နည်းပညာကျယ်ပြန့်စွာ အသုံးချနိုင်ရေးတို့အတွက် အဓိကထားဆောင်ရွက်လျက်ရှိကြောင်းသိရှိရပြီး မြန်မာနိုင်ငံသို့လည်း အာကာသနည်းပညာဆိုင်ရာများ ဖြန့်ဝေပေးခြင်း၊ အာကာသနည်းပညာဆိုင်ရာ ပညာတော်သင် သင်တန်းသားများ ခေါ်ယူလေ့ကျင့်သင်ကြားပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် သစ်တော၊ ရာသီဥတု၊ ရေအရင်းအမြစ်နှင့် ပထဝီဆိုင်ရာ အချက်အလက်များကို ဂြိုဟ်တုနည်းပညာအသုံးပြု၍ တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်းတို့၌ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များကိုပြန်လည်မေးမြန်းဆွေးနွေးခဲ့ပြီး တရုတ်နိုင်ငံ၏ လူလိုက်ပါသော အာကာသယာဉ်(Manned Spaceflight)အာကာသယာဉ်မှူးလေ့ကျင့်ရေးစနစ်ဆိုင်ရာပြခန်းအတွင်း လေ့လာကြည့်ရှုကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Aerospace City မှ အမှုဆောင်ချုပ်နှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ပြီး ကျောက်ယွီထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ရှိ အာကာသမြို့တော်(Aerospace City)တွင် ကြည့်ရှုလေ့လာစဉ်။

❖ **Aerospace City သည် ပေကျင်းမြို့ Haiden district ၏ အနောက်မြောက်ပိုင်းတွင်တည်ရှိပြီး "Project 921" ဟု မကြာခဏ ရည်ညွှန်းလေ့ရှိကာ အာကာသယာဉ်မှူးလေ့ကျင့်ရေး အခြေစိုက်စခန်းနှင့် မစ်ရှင်ထိန်းချုပ်ရေး စင်တာတစ်ခုဖြစ်**

❖ **မြန်မာနိုင်ငံသို့လည်း အာကာသနည်းပညာဆိုင်ရာများ ဖြန့်ဝေပေးခြင်း၊ အာကာသနည်းပညာဆိုင်ရာ ပညာတော်သင် သင်တန်းသားများ ခေါ်ယူလေ့ကျင့်သင်ကြားပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် သစ်တော၊ ရာသီဥတု၊ ရေအရင်းအမြစ်နှင့် ပထဝီဆိုင်ရာအချက်အလက်များကို ဂြိုဟ်တုနည်းပညာအသုံးပြု၍ တိုးတက်မြင့်မားအောင် ဆောင်ရွက်ခြင်းတို့၌ ပူးပေါင်းဆောင်ရွက်လျက်ရှိ**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း(CASC)၌ Aerospace City ၏ အမှုဆောင်ချုပ်ဖြစ်သူ မစ္စတာ ကျိုးကျဲနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိ

နေပြည်တော် ဇွန် ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးစိုင်းထိန်စိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။



## ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။


ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်တွင် ပေကျင်းမြို့ Capital လေဆိပ်သို့ ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Liu Wei ဦးဆောင်သည့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဇော်ဝင်းမြင့်၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) လာရောက်ကြသည့် နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့်လေ့ထုံးတမ်းစဉ်လာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူ အလေးပြု၍လည်းကောင်း၊ တရုတ်ကလေးငယ်တစ်ဦးနှင့် မြန်မာကလေးငယ်တစ်ဦးတို့က ဂုဏ်ပြုပန်းစည်းကမ်း၍ လည်းကောင်း နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ခရီးဦးကြိုဆိုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ လိုက်ပါလာသည့် အထူးယာဉ်တန်းသည် ကျောက်ယွီထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ဆက်လက်ထွက်ခွာရာ လမ်းကြောင်းတစ်လျှောက်၌ နှစ်နိုင်ငံ နိုင်ငံတော်အလံများကို လွှင့်ထူ၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုထားမှုများအား တွေ့မြင်ရသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် တရုတ်သမ္မတနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲကျင်းပခြင်း၊ တရုတ်နိုင်ငံဝန်ကြီးချုပ်နှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌတို့နှင့် တွေ့ဆုံခြင်းတို့အပြင် ပြည်နယ်အကြီးအကဲများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို လက်ခံတွေ့ဆုံခြင်း၊ စီးပွားရေးကွန်ဖရင့်သို့ တက်ရောက်၍ အဆင့်မြင့်နည်းပညာသုံး စက်မှုလုပ်ငန်းများသို့ သွားရောက်လေ့လာခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး H.E.Mr. Liu Wei နှင့် တာဝန်ရှိသူများက ပေကျင်းမြို့ Capital လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

❑ ဖက်ရှင်ဆိုင်ရာမှ

ဒီအတွက်လည်း လူငယ်တွေ မြန်မာ့ယွန်းကို ထိန်းသိမ်းတဲ့စိတ်နဲ့ ဝယ်ယူအားပေးကြတာ၊ လေ့လာကြတာတွေရှိတဲ့အတွက်လည်း ဝမ်းသာရပါတယ်"ဟု Bagan House ယွန်းလုပ်ငန်း၏ ပွဲကိုင်ရှင်ထံမှ သိရသည်။

Bagan House ယွန်းလုပ်ငန်းကို ၁၉၃၉ ခုနှစ်ကပင် စတင်လုပ်ကိုင်ခဲ့ရာ ၎င်းအနေဖြင့် စတုတ္ထမြောက် မျိုးဆက်အဖြစ် ဆက်လက်လုပ်ကိုင်နေခြင်းဖြစ်ပြီး ၎င်း၏ ဘိုး၊ ဘေး လက်ထက်တွင် ယွန်းဆွမ်းအုပ်၊ ယွန်းထမင်းချိုင့်၊ ယွန်းကွမ်းအစ်၊ ယွန်းပန်းအိုး၊ ယွန်းဒေါင်းလန်းမျိုးစုံကိုသာ အများဆုံးပြုလုပ်ခဲ့ကြသော်လည်း ၎င်းလက်ထက်တွင် ယွန်းပိုက်ဆံအိတ်၊ ယွန်းဆွဲကြိုး၊ ယွန်းလည်တုံ၊ ယွန်းလက်ပတ်၊ ယွန်းနားကပ်၊ ယွန်းလက်စွပ်၊ ယွန်းဆံထိုးများနှင့် ယွန်းယပ်တောင် အစရှိသဖြင့် ခေတ်နှင့်အညီ ဈေးကွက်အရ ပြုပြင်ပြောင်းလဲပြီး ဒီဇိုင်းများပြုလုပ်ထားကြောင်း သိရသည်။ MT

## မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းများ ပူးပေါင်း၍ ရပ်ရွာလူထုနှင့် လက်တွဲဆောင်ရွက်ခြင်းသင်တန်းဖွင့်လှစ်

**မန္တလေး ဇွန် ၁၅**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပြုလုပ်သော ရပ်ရွာလူထုနှင့်လက်တွဲ ဆောင်ရွက်ခြင်းနှင့် တာဝန်ခံမှု သင်တန်းဖွင့်ပွဲကို ဇွန် ၁၄ ရက် နံနက်ပိုင်းက မန္တလေးမြို့ Win Unity Hotel တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် PMER Unit ဌာနမှူး ဦးထက်ရဲအောင် သင်တန်းပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်ကြီး၊ မြစ်သား၊ သာစည်မြို့နယ်များမှ ကြက်ခြေနီစေတနာလုပ်အားရှင် ၁၅ ဦး၊ မန္တလေးလျှင်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးရုံးမှ ကြက်ခြေနီဝန်ထမ်း ၁၃ ဦး တက်ရောက်ကြသည်။

လျှင်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော ကြက်ခြေနီ စေတနာလုပ်အားရှင်နှင့် ကြက်ခြေနီဝန်ထမ်းများ ရပ်ရွာလူထုနှင့် လုပ်ငန်းများ လက်တွဲဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်များသိရှိပြီး စနစ်တကျဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ (ဝ၄၅)

ကျန်းမာ စိတ်ရှင်
ကြည်လင်ချင်
အချိန်ရှိခိုက်
သစ်ပင်စိုက်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဥပဒေကြမ်းကော်မတီနှင့် တွေ့ဆုံ



**နေပြည်တော် ဇွန် ၁၅**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင် (I-2)၌ ဥပဒေကြမ်းကော်မတီဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် အမြဲတမ်းကော်မတီ(၄)ရပ်ရှိသည့် အနက် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်ရာတွင် ဥပဒေကြမ်းကော်မတီသည် အဓိကကျကြောင်း၊ ဥပဒေကြမ်းကော်မတီအနေဖြင့် ဥပဒေကြမ်းများ ရေးဆွဲခြင်းသာမက တည်ဆဲဥပဒေများကို လက်ရှိခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှုရှိ၊ မရှိ စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တည်ဆဲဥပဒေများတွင် မြန်မာဘာသာဖြင့်ပြဋ္ဌာန်းထားသည့် ဥပဒေများအပြင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ ၁၀၀ ကျော်ရှိပြီး ယင်းဥပဒေများအနက်မှ လက်ရှိအခြေအနေနှင့် မကိုက်ညီတော့သည့် ဥပဒေများ ပယ်ဖျက်နိုင်ရေး သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနေသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းသည် မိမိတို့ပြည်သူ့လွှတ်တော်သို့ ရောက်ရှိလာပြီဖြစ်ရာ ဥပဒေကြမ်းကော်မတီက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ပြီး အစီရင်ခံစာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ယနေ့ခေတ်စနစ်နှင့်ကိုက်ညီသည့် ဒီဂျစ်တယ်စီးပွားရေးနှင့် နည်းပညာဆိုင်ရာဥပဒေ၊ AI ဉာဏ်ရည်တုနှင့်ဆိုင်သည့် ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ ဥပဒေများ၊ ကိုယ်ရေးအချက်အလက်ကာကွယ်ပေးရေးဥပဒေ Data Privacy Law များ၊ သဘာဝပတ်ဝန်းကျင်နှင့် လေထုညစ်ညမ်းမှုဆိုင်ရာဥပဒေများအား ပြဋ္ဌာန်းနိုင်ရေး သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးနှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်မှုများကို အလေးထားဆောင်ရွက်လျက်ရှိရာ မိမိတို့လွှတ်တော်အနေဖြင့်လည်း စာသင်ကျောင်းများတွင် ကျောင်းအခြေပြုအားကစားဆိုင်ရာဥပဒေနှင့် လူငယ်များဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဥပဒေများပြဋ္ဌာန်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိတည်ဆဲဥပဒေများအနက် မူးယစ်ဆေးဝါး၊ သက်ငယ်မုဒိမ်းနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေများတွင် ပြစ်မှု၊ ပြစ်ဒဏ်ပိုင်းဆိုင်ရာများ ပြင်ဆင်ဖြည့်စွက်ခြင်းများလည်းရှိမည်ဖြစ်ကြောင်း၊ ပြည်သူများ ဥပဒေ၏ အကာအကွယ်အောက်တွင် လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုသည့် FDI Law နှင့် နိုင်ငံသားများ၏ ကျန်းမာရေးကို အကာအကွယ်ပေးမည့် FDA Law များကို လိုအပ်ပါက ပိုမိုပြည့်စုံစေရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ဥပဒေကြမ်းများ စိစစ်သုံးသပ်ရေးနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီရုံးခန်းနှင့် အစည်းအဝေးခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက် (ဇွန် ၁၅ ရက်မှ ၂၁ ရက်အထိ)

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့ တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှု အခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အမြင့်ဆုံးအပူချိန် အခြေအနေ**

တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက် အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန် အခြေအနေ**

ချင်းပြည်နယ်တွင် ၅၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်းရှိနိုင်သည်။


**လေထုစိုထိုင်းဆ အခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်း အတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၉၁ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်း အခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၁၀ မီလီမီတာမှ ၂၁ မီလီမီတာအတွင်း နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၂၂ မီလီမီတာမှ ၃၃ မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**ရွှေမန်း**




# Placement Test
# အထူးအစီအစဉ်တွင် ၇၆၂၄ ဦး ဝင်ရောက်ဖြေဆို

**မတ္တရာ ဇွန် ၁၅**

အကြောင်းအမျိုးမျိုးကြောင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှ စ၍ ကျောင်းပြင်ပသို့ ရောက်ရှိခဲ့သည့် ကျောင်းနေအရွယ်ကလေးများအား ကျောင်းသို့ ပြန်လည်ရောက်ရှိရေးအတွက် Placement Test အထူးအစီအစဉ်ဖြင့် အရည်အချင်းစစ်ဆေးခြင်းကို မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် စာစစ်ဌာန ၂၆ ခုဖြင့် ဇွန် ၁၅ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။

ထို့သို့ Placement Test အထူးအစီအစဉ်ဖြင့် အရည်အချင်း စစ်ဆေးမှုတွင်ဖြေဆိုရန် စာရင်းပေးသွင်းသူ ၇၉၂၂ ဦးရှိပြီး Grade-1 တွင် ၇၄၇ ဦး၊ Grade-2 တွင် ၁၅၄၆ ဦး၊ Grade-3 တွင် ၁၅၉၀ ဦး၊ Grade-4 တွင် ၁၃၆၅ ဦး၊ Grade-5 တွင် ၉၅၁ ဦး၊ Grade-6 တွင် ၆၈၀ ဦး၊ Grade-7 တွင် ၅၀၄ ဦးနှင့် Grade-8 တွင် ၂၄၁ ဦး စုစုပေါင်း ၇၆၂၄ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ပျက်ကွက်သူ ၂၉၈ ဦး ရှိကြောင်း သိရသည်။

**ရွှေရာသား**

# ဟောပြောပွဲပြုလုပ်၊ စွမ်းအားမြှင့်သံပုံးစွပ်မီးဖို ၁၇၂ လုံး အခမဲ့ဖြန့်ဝေပေး



**တောင်တွင်းကြီး ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ မထီစံပြကျေးရွာတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ အပူပိုင်းမိုးနည်းရပ်ဝန်းဒေသနေ ဒေသခံပြည်သူလူထုအား ထင်းအစားအခြားလောင်စာ တိုးမြှင့်သုံးစွဲနိုင်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက မထီစံပြကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ကွင်းဆင်းဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မကွေးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်နှင့် မြို့နယ်ဦးစီးအရာရှိ ဦးဝင်းဇော်တို့က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောပြုန်းတီးမှုကို ကာကွယ်ရေး၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများအား အလဟဿမဖြစ်စေဘဲ ထင်းအစားထိုးအဖြစ် အသုံးပြုရေး၊ ထင်းအစား အခြားလောင်စာများ အသုံးပြုရေးတို့ကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသော မထီစံပြကျေးရွာ ဒေသခံပြည်သူများ လက်ဝယ်အရောက် စွမ်းအားမြှင့်သံပုံးစွပ်မီးဖို ၁၇၂ လုံးအား ရွာလုံးကျွတ်(အခမဲ့) ဖြန့်ဝေပေးအပ်ခဲ့ကြောင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(ဝဲပုံ)

**နောင်နောင် (မိဿနီးမြေ)**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

## မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်း၊ ကော်မတီနှစ်ခု ဖွဲ့စည်းခြင်းအား အတည်ပြု

နေပြည်တော် ဇွန် ၁၅

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးအဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




အစည်းအဝေးတွင် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ရရှိရေး၊ စိုက်/မွေးသိပ္ပံ ဖွင့်လှစ်ပေးနိုင်ရေး၊ နိုင်ငံ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးနိုင်ရေး၊ တရားမဝင်ယစ်မျိုးလိုင်စင်ဖမ်းဆီးရေး၊ ကျေးရွာများ တိုးချဲ့ပြင်ဆင်ပေးနိုင်ရေး၊ ဆေးရုံအဆင့်မြှင့်တင်နိုင်ရေးနှင့်ဆေးဝါးနှင့် ဆရာဝန်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်းသည့် မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခုဆွေးနွေးအတည်ပြုခြင်း၊ ကော်မတီနှစ်ခုဖွဲ့စည်းခြင်းအား အတည်ပြုခြင်း၊ ကော်မတီသုံးခုဖွဲ့စည်းရန် လွှတ်တော်သို့ တင်ပြခြင်းနှင့် ဥပဒေကြမ်းတစ်ခု လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး၏ **ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ဒေသတွင် ဒေသခံတိုင်းရင်းသားတောင်သူများ စိုက်ပျိုးလျက်ရှိကြသည့် ကော်ဖီနှင့် လက်ဖက်စိုက်ခင်းများအား စီမံချက်ချမှတ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းက ပျဉ်းမနားမြို့နယ် အရှေ့ဘက်ခြမ်း တောင်ပေါ်ဒေသတွင် ကျေးရွာအုပ်စုခုနစ်အုပ်စုရှိပြီး ကျေးရွာပေါင်း ၅၉ ရွာရှိပါကြောင်း၊ ကျေးရွာအုပ်စုခုနစ်အုပ်စုအနက် ဘိုမကျေးရွာအုပ်စုမှအပ ကျေးရွာအုပ်စုခြောက်အုပ်စုရှိ ဒေသခံတိုင်းရင်းသားတောင်သူများမှာ ဥယျာဉ်မြေ ၄၄၈ ဧကပေါ်တွင် ကော်ဖီသီးနှံများ စိုက်ပျိုးလျက်ရှိပြီး ၁၅၄၂ ဧကပေါ်တွင် လက်ဖက်သီးနှံများ စိုက်ပျိုးထားရှိပါကြောင်း၊အဆိုပါကော်ဖီနှင့်လက်ဖက်စိုက်ဧရိယာများသည် ဥယျာဉ်မြေမျိုးကြီးပေါ်တွင် စိုက်ပျိုးထားခြင်းဖြစ်ပါကြောင်း၊ အဆိုပါစိုက်ဧရိယာများအပေါ် နှစ်စဉ်မြေခွန်စည်းကြပ်လျက်ရှိပြီး မြို့နယ်စိုက်ဧရိယာစာရင်းတွင်လည်း ကော်ဖီ၊ လက်ဖက်စိုက်ဧရိယာများ ပါဝင်ပါကြောင်း။

ဒေသခံတိုင်းရင်းသားများက ၎င်းတို့၏ စိုက်ပျိုးမြေများနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားလာမှုအပေါ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့က စိစစ်ဆောင်ရွက်၍ ကိုက်ညီမှုရှိပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ထုတ်ပေးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်ဝင်းဆွေ၏ **မြန်အောင်မြို့နယ် အင်ပင်မြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးသိပ္ပံ/ကောလိပ် ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုး၊မွေးမြူရေးကို အဓိကအခြေခံသည့် တိုင်းဒေသကြီးဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြောင်းမြမြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(မြောင်းမြ)ကိုဖွင့်လှစ်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိပါကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကျွမ်းကျင်သူများမွေးထုတ်ပေးနိုင်ရန် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှစ်ကျောင်းကို ဖွင့်လှစ်ထားရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့်ကျောင်းများ လုံလောက်မှုရှိပါသဖြင့် မြန်အောင်မြို့နယ် အင်ပင်မြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးသိပ္ပံ/ ကောလိပ် ထပ်မံဖွင့်လှစ်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျွန်းလှမဲဆန္ဒနယ်မှ ဦးစိုးကျော်နိုင်၏ **ကန့်ဘလူမြို့နှင့် ကျွန်းလှမြို့နယ်တို့အား ဆက်သွယ်ထားသည့် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီး လုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့သည် ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီးမှ အနောက်ဘက် ၁၆ မိုင်ခန့် အကွာတွင် တည်ရှိပါကြောင်း၊ ယခုအခါ ကန့်ဘလူမှ ကျွန်းလှမြို့သို့သွားလာမည်ဆိုပါက ရွှေဘို-မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီးရှိ ယမနေကျေးရွာအနီး ဇီးကုန်းလမ်းဆုံမှတစ်ဆင့် ဇီးကုန်း - ထန်းကုန်း - ကန့်ဘလူ - ကျွန်းလှသို့ လည်းကောင်း၊ မဟာဗျူဟာလမ်းရှိ စံပါယ်နံ့သာရွာမှတစ်ဆင့် ကန့်ဘလူ-ကျွန်းလှမြို့သို့လည်းကောင်း သွားလာနိုင်သည့် လမ်းကြောင်းနှစ်ခုရှိပြီး လက်ရှိအချိန်တွင် ကန့်ဘလူခရိုင်အတွင်းရှိ ရွှေဘို-မြစ်ကြီးနားလမ်း၌ နယ်မြေခံတပ်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့များ ပူးပေါင်း၍ လမ်းကြောင်းလုံခြုံရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ကန့်ဘလူမြို့နှင့် ကျွန်းလှမြို့နယ်တို့အား ဆက်သွယ်ထားသည့် ရွှေဘို - မြစ်ကြီးနား မဟာဗျူဟာလမ်းမကြီး လုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် အကြမ်းဖက် PDF အဖွဲ့များ အခြေပြုလှုပ်ရှားနေသည့် နေရာများအား တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြင်းမူမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၏ **မြင်းမူမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးဝင်းအတွင်း လေးခန်းတွဲ၊ လေးထပ် ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ၊ ရှိပါက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေခွဲဝေချထားပေးနိုင်ရန် အစီအစဉ်ရှိ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြင်းမူမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးဧရိယာအတွင်း လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာတစ်ခုဆောက်လုပ်ရန် မြေလွတ်ကျန်ရှိသဖြင့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် အိမ်ရာဆောက်လုပ်မည်ဆိုပါက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အရအသုံးငွေစာရင်း၌ ထည့်သွင်းလျာထားတောင်းခံထားမှုမရှိပါသဖြင့် ၂၀၂၇-၂၀၂၈ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လျာထားတင်ပြနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်၏ **တရားမဝင် ယစ်မျိုးလိုင်စင်များကို မည်ကဲ့သို့ ထိရောက်စွာ ဖမ်းဆီးအရေးယူဆောင်ရွက်ခြင်းအစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ယစ်မျိုးသက်ဝင်ပစ္စည်းများ လိုင်စင်ခွင့်ပြုချက်မရှိဘဲ တရားမဝင်ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ဖမ်းဆီးအရေးယူခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းကို သက်ဆိုင်ရာအဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်များ အပြည့်အဝရရှိစေရန်နှင့် လိုင်စင်မဲ့ဆောင်ရွက်မှုများအား ဥပဒေနှင့်အညီ စနစ်တကျအရေးယူနိုင်ရန် ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့ကို ဗဟိုအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်အဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့ စသဖြင့် အဆင့်ဆင့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၅ ခုနှစ်အတွင်း ယစ်မျိုးလိုင်စင်မဲ့များ အရေးယူနိုင်ရေးအတွက် ကွင်းဆင်းမှုအကြိမ်ရေ ၄၈၁၆ ကြိမ်မှ ဖမ်းဆီးမှု ၄၇၇ ကြိမ်၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ကွင်းဆင်းမှုအကြိမ်ရေ ၁၅၉၇ ကြိမ်မှ ဖမ်းဆီးမှု ၂၁၃ ကြိမ် အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း လိုင်စင်စည်းကမ်းပျက်များ အရေးယူနိုင်ရေးအတွက် ကွင်းဆင်းမှုအကြိမ်ရေ ၄၈၁၀ တွင် ဖမ်းဆီးမှု ၂၁ ကြိမ်၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ကွင်းဆင်းမှုအကြိမ်ရေ ၁၅၉၄ ကြိမ်တွင် ဖမ်းဆီးမှု ၄၄ ကြိမ် အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်ကြားမှုများရှိပါက စိစစ်ကြပ်မတ်ရေးအဖွဲ့များဖြင့် အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းစစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သန်း၏ **ကျောက်ဆည်မြို့ပေါ် ၁၀ ရပ်ကွက်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ကျေးရွာများအား မြို့မြေအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ကျောက်ဆည်မြို့တွင် ၁၀ ရပ်ကွက်ရှိပြီး ၎င်းတို့အနက် ရပ်ကွက်လေးရပ်ကွက်သည် ကျေးရွာ ၁၀ ရွာနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိပါကြောင်း၊ ရပ်ကွက်များနှင့်ထိစပ်နေသည့် တောင်နံ့သာကျေးရွာ၊ ၄က္ကတောင်ကျေးရွာ၊ လက်ပန်ပင်ကျေးရွာ၊ မယ်ဇယ်ပင်ကျေးရွာ၊ ဇရပ်ဖြူကျေးရွာ၊ အင်ဒိုင်းကျေးရွာ၊ ပြည်ပန်းကျေးရွာ၊ ထနောင်းပင်လှကျေးရွာ၊ ငါးဆူကျေးရွာ၊ ပတ္တာကျေးရွာနှင့် တိုးချဲ့မြင်စိုင်းရပ်ကွက်တို့အား မြို့မြေအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးနိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ကျေးရွာများအား မြို့မြေတိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးနိုင်ရန်အတွက် စနစ်တကျဖွဲ့စည်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကျေးရွာများမှ တင်ပြချက်အပေါ် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြရမည် ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြဆုံးဖြတ်ချက်ရယူကာ နိုင်ငံတော်သမ္မတထံ ခွင့်ပြုချက်ရရှိရေး တင်ပြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ခွင့်ပြုချက်ရရှိပါက လယ်မြေများအား အခြားနည်းအသုံးပြုနိုင်ရေး မြို့၊ ကျေးရွာတိုးချဲ့ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီ သက်ဆိုင်သည့်ဌာနအဆင့်ဆင့်သို့ တင်ပြသွားရမည်ဖြစ်ပါကြောင်း။

ကျောက်ဆည်မြို့နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ကျေးရွာများအား မြို့မြေအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းပေးနိုင်ရန်အတွက် မြို့မြေအဖြစ်လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ဆောင်ရွက်၍ ခွင့်ပြုချက်ရရှိမှသာလျှင် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေးမြို့ ပြည်သူ့ဆေးရုံကြီးကို ခုတင် ၃၀၀ မှ ခုတင် ၅၀၀ သို့ အဆင့်တိုးမြှင့်ပေးနိုင်ပါရန်၊ ခေတ်မီစက်ကိရိယာများ တပ်ဆင်ပေးနိုင်ပါရန်နှင့် ဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဆရာဝန်ကြီးနှင့် ၎င်းဌာနအတွက် ဓာတ်မှန်ကျွမ်းကျင်အဆင့်(၂)တို့အား ခန့်ထားပေးနိုင်ပါရန် မေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကလေးမြို့ပြည်သူ့ဆေးရုံကြီး၏ သုံးနှစ်စာ ပျမ်းမျှ တစ်ရက်အတွင်း လူနာဦးရေ ၆၃ ဦးရှိပြီး ဆေးရုံခွင့်ပြုခုတင်အသုံးပြုမှု ရာခိုင်နှုန်းမှာ သုံးနှစ်စာ ပျမ်းမျှ ၂၁ ရာခိုင်နှုန်းရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ဆေးရုံခုတင်အသုံးပြုမှုရာခိုင်နှုန်း ပြည့်မီကျော်လွန်ချိန်တွင် ခုတင်အဆင့်တိုးမြှင့်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ခေတ်မီစက်ကိရိယာများ တပ်ဆင်ပေးမှုအနေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ဆေးရုံလိုအပ်ချက်အရ ဆေးရုံသုံးစက်ပစ္စည်းများ ဖြစ်သည့် မေ့ဆေးစက်၊ အလွယ်တကူသယ်ယူနိုင်သည့် တီဗွီဓာတ်မှန်စက် ကွန်ပျူတာဓာတ်မှန် (CT scan 16 slices)တစ်လုံးတို့ကို ထောက်ပံ့ဖြည့်ဆည်းပေးထားပါကြောင်း။

ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ဆိုင်ရာ ဆေးရုံသုံးပစ္စည်းများကို စိစစ်ထောက်ပံ့ပေးမည်ဖြစ်ပြီး အရေးပေါ် ဦးနှောက်နှင့်အာရုံကြော လူနာများကို လိုအပ်ပါက ခွဲစိတ်ကုသနိုင်ရေး အဆိုပါဆေးရုံကြီးရှိ ခွဲစိတ်အထူးကုဆရာဝန်နှစ်ဦးအား မန္တလေးပြည်သူ့ဆေးရုံကြီးရှိ ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ဌာနတွင် အလှည့်ကျလေ့ကျင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ

ဆေးဘက်ဆိုင်ရာကျွမ်းကျင် -၂ (ဓာတ်မှန်)အား သစ်လွင်ခန့်အပ်ထားမည့်အချိန်တွင် ခန့်ထားပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း၏ **လဲချားမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ၂၅ ခုတင်မှ ခုတင် ၅၀ သို့ အဆင့်မြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် မရှိပါက ဦးစားပေးအစီအစဉ်တွင် ထည့်ထားပေးပါရန်၊ လက်ထောက်ဆရာဝန်တစ်ဦး အမြန်ဆုံးခန့်အပ်ပေးပါရန်နှင့် မွေးလူနာအဆောင် သီးသန့်တစ်ဆောင် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လဲချားမြို့ ပြည်သူ့ဆေးရုံ ၂၅ ခုတင်ဆေးရုံသည် ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ် ၃ နှစ်စာ တစ်ရက်ပျမ်းမျှ အတွင်းလူနာဦးရေမှာ ၄၂ ဦးရှိပြီး တစ်ရက်ပျမ်းမျှအတွင်း လူနာဦးရေ ၅၀ ထက်ကျော်လွန်ပါက ခုတင်အဆင့်တိုးမြှင့်နိုင်ရေး ဦးစားပေးအစီအစဉ်၌ ထည့်ထားပေးမည်ဖြစ်ပါကြောင်း။

လဲချားမြို့ပြည်သူ့ဆေးရုံအတွက် ၂၀၂၆ ခုနှစ် အောက်တိုဘာလ၌ သစ်လွင်ဆရာဝန်များ ခန့်ထားချိန်တွင် လက်ထောက်ဆရာဝန် ၁ ဦး၊ အထက်တန်းသူနာပြု ၅ ဦးနှင့် သူနာပြု ၁၀ ဦးတို့ဖြင့် ဖွဲ့စည်းပုံအပြည့် ခန့်အပ်ထားပြီးဖြစ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာနှစ်တွင် မွေးလူနာ၊ မွေးကင်းစကလေးလူနာဆောင်အပါအဝင် တစ်ထပ်ဆောင် ၂ ဆောင်ကို ပြင်ဆင်မွမ်းမံထားရှိပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးသန်းအေး၏ **ကျောက်ဖြူမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးအတွက် အရေးတကြီးလိုအပ်နေသည့် ဆေးဝါးများနှင့် ဆရာဝန်၊ ဝန်ထမ်းများအားဆောလျင်စွာစေလွှတ်ခန့်အပ်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်နေသည့် ဆေးပစ္စည်းများနှင့်ပတ်သက်၍ ၂၀၂၆ -၂၀၂၇ ခုနှစ် ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၂၀ ခွဲဝေဆောင်ရွက်ထားပြီးဖြစ်သဖြင့် အရေးတကြီးလိုအပ်သည့်ဆေးဝါးများကို ဆေးရုံအုပ်ကြီးအစီအစဉ်ဖြင့် ဝယ်ယူဖြည့်ဆည်းနိုင်ပြီဖြစ်ပါကြောင်း၊ ခွဲစိတ်ခန်းသုံး ထိန်းချုပ်ဆေးဝါးများဖြစ်သည့် Injection Diazepam၊ Injection Ephedrine၊ Injection Tramadol တို့ကို တစ်ပါတည်းထောက်ပံ့ထားပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း လိုအပ်ချက်နှင့်အညီ ဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် ဆေးရုံအုပ်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ဓာတ်မှန်အထူးကုဆရာဝန်၊ လက်ထောက်ဆရာဝန် ၁ ဦးတို့ တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဆရာဝန်များ လေ့ကျင့်မွေးထုတ်မှုအပေါ်မူတည်၍ လိုအပ်ချက်နှင့်အညီ တာဝန်ချထားပေးမည်ဖြစ်ပါကြောင်း၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများအား သစ်လွင်ခန့်အပ်ပေးမည့်အချိန်တွင် ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ သူနာပြုအဆင့်များကိုလည်း ခန့်ထားပေးပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထန်းတပင် မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ **ထန်းတပင်မြို့နယ် ညောင်ရိုးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအား ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ကတွယ်ကျေးရွာအုပ်စု ညောင်ရိုးကျေးရွာတွင် အိမ်ခြေ ၃၂၀ နှင့် လူဦးရေ ၁၂၅၉ ဦး ရှိပါကြောင်း၊ ညောင်ရိုးကျေးရွာသည် ထိုးနာရီကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင်ရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ၀ ဒသမ ၆၈ ဖာလုံ အကွာအဝေးတွင်ရှိပါကြောင်း၊ ထိုးနာရီကျေးလက်ကျန်းမာရေးဌာနခွဲသည် ထိုးနာရီရွာ၊ ညောင်ရိုးရွာ၊ ကရင်ချောင်းရွာ၊ စာဖြူစုရွာ၊ သနပ်ပင်ရွာ၊ အညာစုရွာများရှိ အိမ်ခြေ ၁၀၀၁ အိမ်နှင့် လူဦးရေ ၅၀၆၄ ဦးကို ကျန်းမာရေးဝန်ထမ်း ၂ ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း။

ညောင်ရိုးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိပါက ထပ်မံလာရောက်ပြသနိုင်သည့်ကျေးရွာသည် ကရင်ချောင်းကျေးရွာ တစ်ရွာသာရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ရန် လူဦးရေပျမ်းမျှအနည်းဆုံး ၂၀၀၀ ခန့် လွှမ်းခြုံမှုပေးနိုင်ရမည်ဖြစ်သည့်အတွက် ညောင်ရိုးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရန် လတ်တလောလိုအပ်မှု မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း တင်သွင်းသည့် **"လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှ ထွက်ရှိသော ထွက်ကုန်သီးနှံ ဈေးနှုန်းထိန်းညှိရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍** ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က အဆိုသည် တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်(သွင်းအားစု) ကြီးမြင့်သော်လည်း ရိတ်သိမ်းချိန်တွင် ဈေးကွက်အတွင်းဝယ်လိုအားနှင့် ရောင်းလိုအားမမျှတမှု၊ ပွဲစားနှင့် ဝိသမလောဘသားများ၏ ဈေးကစားမှုများကြောင့် တောင်သူများ အရှုံးပေါ်လေ့ရှိပါကြောင်း၊ အဆိုပါကော်မရှင်ကို ဖွဲ့စည်းနိုင်ပါက မတရားသဖြင့် ဈေးနှိမ်ခံရမှုများမှ ထိရောက်စွာ အကာအကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း။

သီးနှံဈေးနှုန်းများ ရုတ်တရက်ထိုးကျသွားခြင်း မရှိစေရန်အတွက် "အနိမ့်ဆုံး အာမခံ ဈေးနှုန်း" (Minimum Support Price) သတ်မှတ်ပေးခြင်း သို့မဟုတ် အစိုးရကကြားဝင် ဝယ်ယူပေးခြင်းဖြင့် ဈေးကွက်ကို ထိန်းညှိပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဈေးနှုန်းအာမခံချက်ရှိလာပါက တောင်သူများသည် နောက်ထပ်ရာသီများတွင် သီးနှံများကို ရဲဝံ့စွာ စိုက်ပျိုးလာကြမည်ဖြစ်ရာ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍကို စဉ်ဆက်မပြတ် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ အဆိုနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရက တောင်သူလယ်သမားများဘဝ ရင်ဆိုင်နေရသော အခက်အခဲများဖြစ်သည့် သွင်းအားစုမြေဆီများ အပေါ် ဈေးနှုန်းကျဆင်းရေးအတွက် အခွန်လျှော့ပေါ့ကောက်ခံခြင်း၊ ထွန်ယက်ရာတွင်အသုံးပြုသည့် လယ်ယာသုံးစက်ကိရိယာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ သက်ဆိုင်ရာဝန်ကြီးဌာနက ထောက်ပံ့ပေးခြင်း၊ မျိုးကောင်းမျိုးသန့်အထွက်နှုန်းကောင်းမွန်သော မျိုးစပါးများချထားပေးခြင်း၊ သဘာဝမြေဆီ၊ မြေဩဇာ အသုံးပြုနိုင်ရေးနှင့် Artificial Fertilizer များ လျှော့ပါးစွာအသုံးချရေး၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်ပုံနည်းစနစ်များကို အသိပညာပေးရေးတို့ကို သက်ဆိုင်ရာ ဦးစီးဌာနများကို Awareness ပေးရေး၊ လယ်ယာလုပ်ငန်းခွင်သုံး စက်သုံးဆီဈေးကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းတို့အပြင် ထွက်ရှိလာသော ကောက်ပဲသီးနှံများအပေါ် ခေတ်စနစ်နှင့်လျော်ညီပြီး သင့်တင့်မျှတသော ဈေးနှုန်းကို နိုင်ငံတော်အစိုးရက ထိန်းညှိဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက တောင်သူလယ်သမားများ၏ ဝင်ငွေတည်ငြိမ်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် အမျိုးသားစီးပွားရေးလုံခြုံရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေသော အရေးကြီးသောမူဝါဒ အဆိုတစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု GDP ၏ ၃၀ ရာခိုင်နှုန်းနီးပါးသည် စိုက်ပျိုးရေးကဏ္ဍမှ လာခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍသည် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် အားထားလုပ်ကိုင်နေကြသည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံခြားဝင်ငွေရရှိမှု၏ အဓိကကျောရိုးတစ်ခုဖြစ်ပြီး နှစ်စဉ် စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုမှ ဒေါ်လာ ၅ ဘီလီယံမှ ၈ ဘီလီယံကြား ပုံမှန်ရရှိနေပါကြောင်း။

"အမျိုးသား စိုက်ပျိုးရေးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်ရေးမဟာဗျူဟာ"ကို ချမှတ်၍ MSP၊ Buffer Stock AMIS၊ Crop Insurance၊ Commodity Exchange Market နှင့် ပို့ကုန်မြှင့်တင်ရေးတို့ကို ပေါင်းစပ် အကောင်အထည်ဖော်သင့်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက တောင်သူဝင်ငွေ တည်ငြိမ်ရေး၊ စားရေရိက္ခာလုံခြုံရေးနှင့် အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထောက်အကူပြုမည်ဖြစ်သည့်အတွက် အဆိုကိုထောက်ခံပါကြောင်းဆွေးနွေးသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဦးတင်ဦးက ဥပဒေက တောင်သူလယ်သမားများအတွက် နည်းစနစ်၊ အခွင့်အရေး၊ အကာအကွယ်နှင့် အကျိုးဖြစ်ထွန်းစေရန် ပြဋ္ဌာန်းထားရှိသော်လည်း ယနေ့ တောင်သူလယ်သမားအများစုမှာ မိရိုးဖလာနည်းစနစ်များဖြင့်သာ စိုက်ပျိုးလျက်ရှိကြပြီး အဆိုရှင်တင်ပြခဲ့သကဲ့သို့ စိုက်ပျိုးစရိတ်သွင်းအားစုနှင့် သီးနှံဈေးမမျှတမှုကြောင့် တောင်သူလယ်သမားများ၏ဘဝမှာ ကြွေးသံသရာထဲက ရုန်းမထွက်နိုင်ဘဲ ရှိနေကြပါကြောင်း၊ တောင်သူလယ်သမားများ၏ လက်ရှိခံစားနေရသော ဘဝအခြေအနေမှ လွတ်ကင်းရန်ဆိုလျှင် နိုင်ငံတော်က အဆိုရှင်တင်ပြသော ပြည်ထောင်စုအဆင့်ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး ဗဟိုအဆင့်မှ တိုင်း/ခရိုင်/မြို့နယ် အောက်ခြေရပ်ကျေးအထိ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အသိပညာနှင့် အတတ်ပညာရှင်များ၊ သီးနှံကုန်သည်များ၊ တောင်သူလယ်သမားများ၊ ရပ်မိရပ်ဖများပါဝင်သော ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်သင့်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ထို့ပြင် သာယာဝတီ မဲဆန္ဒနယ်မှ ဦးဝင်းဇော်ဦး၊ ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၊ ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဝင်း၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးဇော်မင်း၊ ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်နှင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်းတို့ကလည်း အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို ဥပဒေနှင့်အညီ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

အဆိုပါ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်နိုင်ရန်နှင့် အကျိုးစီးပွားမြှင့်တင်နိုင်ရန်အလို့ငှာ လယ်ယာထုတ်ကုန်များကိုဝယ်ယူရန်နှင့် လိုအပ်လျှင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့က တင်ဒါစနစ်အပါအဝင် အခြားသင့်လျော်သောနည်းလမ်းများဖြင့် ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန် လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့အား ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဒေါက်တာဌေးဝင်း တင်သွင်းသည့်အဆိုအား မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အင်္ဂပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်း တင်သွင်းသည့် **"လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ်ခြံမြေမှ ထွက်ရှိသော ထွက်ကုန်သီးနှံဈေးနှုန်းထိန်းညှိရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးပါရန် အဆိုနှင့်စပ်လျဉ်း၍** လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး သတ္တမနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး သတ္တမနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး သတ္တမနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကစီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်နှင့် အတွင်းရေးမှူးအဖြစ် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်နှင့် အတွင်းရေးမှူးအဖြစ် ပင်လောင်းမဲဆန္ဒနယ်မှ နန်းရီရီဝင်းတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကော်မတီကိုအဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးလှမင်းနှင့် အတွင်းရေးမှူးအဖြစ် တောင်သာမဲဆန္ဒနယ်မှ ဦးတိုးဝင်းတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း"**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို ဇွန် ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

## အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမများ ဖြည့်ဆည်းပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေး

နေပြည်တော် ဇွန် ၁၅

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၆ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးတင်မျိုးဇော်၏ **မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြင်စိုင်းကျေးရွာအုပ်စု မြင်စိုင်းကျေးရွာ မီးလင်းရေးအတွက် (11 KVA) ဓာတ်အားလိုင်းသွယ်တန်းခြင်းနှင့် ထရန်စဖော်မာချထားဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မကွေးမြို့နယ် မြင်စိုင်းကျေးရွာအုပ်စု မြင်စိုင်းကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ သစ်ရာကောက်ဓာတ်အားခွဲရုံမှ ဓာတ်အား ပေးထားသည့် ၁၁ ကေဗွီ မိကျောင်းရဲဖီဒါမှ ဓာတ်အားရယူထားသော ၁၁ ကေဗွီ ဝက်လူးစမ်းကျေးရွာ ဓာတ်အားလိုင်းမှတစ်ဆင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ဒသမ၂ မိုင်ခန့်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း။

မြင်စိုင်းကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဘဏ္ဍာငွေခွင့်ပြုရရှိမှု မလုံလောက်ပါသဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၂ မိုင်အနက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၃ ဒသမ ၅၁ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်း လုပ်ငန်းအတွက်ကိုသာ ခန့်မှန်းကုန်ကျငွေကျပ် (၄၉၆ ဒသမ ၃၅၁)သန်းဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားနိုင်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသော ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁ ဒသမ ၆၉ မိုင်ခန့်တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် (၂၀၆)သန်းခန့်အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေ (သို့မဟုတ်) အထွေထွေပိုလျှံရန်ပုံငွေတို့တွင် ဆက်လက်လျာထားတင်ပြ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှု အခြေအနေအရ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) နန်းပိုးစိန်၏ **ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် တုံတာမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စုများ လျှပ်စစ်မီးရရှိရေးအတွက် မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားခွဲရုံတစ်ရုံအားလာမည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က တုံတာမြို့အား နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးမည်ဆိုပါက မိုင်းပျဉ်း-တုံတာ ၆၆ ကေဗွီ တာဝါတိုင် ဓာတ်အားလိုင်း ၃၃ မိုင်နှင့် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်သွားရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ် ကျပ် ၃၅ ဒသမ ၀၀၃ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ပြီး တုံတာမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၈ ရွာရှိအိမ်ထောင်စုပေါင်း ၄၃၇၅ စုအား ဓာတ်အားဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း။



သို့ပါ၍ တုံတာမြို့အား နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် မိုင်းပျဉ်း-တုံတာ ၆၆ ကေဗွီ တာဝါတိုင် ဓာတ်အားလိုင်း ၃၃ မိုင်နှင့် ၆၆/၁၁ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဓာတ်အားလိုင်း ဆာဗေးတိုင်းတာခြင်းလုပ်ငန်းအား စတင်လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာငွေခွင့်ပြုရရှိမှုအရ ဆက်လက်လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ဝန်ကြီးဌာနများစာရင်းအရ ၂၀၁၈-၂၀၁၉ မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းအဆင့် တက်ရောက်သူအရေအတွက်မှာ သိသာထင်ရှားစွာ ကျဆင်းလျက်ရှိနေပါသဖြင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကုစားမည့်အစီအမံ ရှိ၊ မရှိ သိရှိလိုခြင်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် အထက်တန်းဆင့် ကျောင်းသားဦးရေ ကျဆင်းရခြင်းမှာ ၂၀၁၉ ခုနှစ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားခဲ့၍ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ကျောင်းများ ယာယီပိတ်ခဲ့ရပါကြောင်း၊ ကိုဗစ်-၁၉ နှင့် နိုင်ငံရေးအခြေအနေများဖြစ်ခဲ့သည့် ပညာသင်နှစ်တွင်သာ အထက်တန်းဆင့်ကျောင်းသားဦးရေ သိသာစွာကျဆင်းခဲ့သော်လည်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ထိ အထက်တန်းဆင့် တက်ရောက်ကျောင်းသား (၃၄၀၀၀၀)ခန့် တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း၊ အထက်တန်းဆင့်သင် ကျောင်းသားဦးရေတိုးတက်လာရေးသည် မူလတန်းနှင့် အလယ်တန်းဆင့်သင် ကျောင်းသားဦးရေတိုးတက်မှုပေါ်တွင် မူတည်သည်ဖြစ်ရာ ယခုနှစ်တွင် Placement Test (အထူးအစီအစဉ်)ကို ဆောင်ရွက်ပေးပြီး ကျောင်းပြင်ပရောက် မူလတန်းနှင့် အလယ်တန်းကျောင်းသား (၁၅၀၀၀၀) ဦးခန့် ကျောင်းများသို့ ပြန်လည်ဝင်ရောက်နိုင်မည် ဖြစ်ပါကြောင်း။

အခြေခံပညာအထက်တန်းဆင့်တွင်တက်ရောက်ခြင်းမရှိဘဲ ကျောင်းထွက်ပြီး အစိုးရလုပ်ငန်းများနှင့် ပြင်ပလုပ်ငန်းများတွင် အလုပ်လုပ်နေသူများ၊ စီးပွားရေး၊ လူမှုရေး၊ ဒေသအခက်အခဲ စသည့် အကြောင်းအမျိုးမျိုးကြောင့်ကျောင်းဆက်လက်မတက်ရောက်နိုင်သူများအတွက် Grade 10 နှင့် Grade 11 ကျောင်းတွင်းစစ် (ပြင်ပဖြေ) စာမေးပွဲများကို နှစ်စဉ်မေလတွင် ကျင်းပပေးလျက်ရှိပါကြောင်း၊ ကျောင်းတွင်းစစ် (ပြင်ပဖြေ) အောင်မြင်သူများသည် Grade 12 (တက္ကသိုလ်ဝင်စာမေးပွဲ)တွင် ပြင်ပဖြေအဖြစ် ဖြေဆိုခွင့်ရရှိပြီးအောင်မြင်ပါက အဆင့်မြင့် ပညာဆက်လက်သင်ယူခွင့်ရရှိမည်ဖြစ်ပါကြောင်း။

အထက်တန်းဆင့် (Grade 12) ကျောင်းသားများအား စံသတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ပြီး "အခြေခံပညာအထက်တန်းဆင့် ပြီးမြောက်ကြောင်း လက်မှတ်" ပေးအပ်နေသည့်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် သင်ကြားသင်ယူမှု တိုးတက်ခြင်း/ နိမ့်ကျခြင်း၊ ကျောင်းသားဦးရေ တိုးလာခြင်း/ လျော့ကျခြင်း၊ ကျောင်းများဖွင့်လှစ်ခြင်း/ ယာယီပိတ်ထားရခြင်းစသည့် မြေပြင်ပကတိအခြေအနေ အမှန်ကို ကွင်းဆင်းကြီးကြပ်မှုများ၊ စာရင်းဇယားကောက်ယူမှုများ အစဉ်ဆောင်ရွက်ပြီး စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာဆန်းစစ်၍ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့်လည်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေး ကော်မတီ ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါက်တာမနာမ်တူးဂျာနှင့် အတွင်းရေးမှူးအဖြစ် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးရှားရယ်တို့ အပါအဝင် အဖွဲ့ဝင်၁၅ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုအမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူသဖြင့် နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေး ကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **အခြေခံပညာကျောင်းများရှိ ပညာသင်ကြားရေး ဆရာ ဆရာမများ လိုအပ်နေမှုအခြေအနေကို နိုင်ငံတော်မှ အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) ဦးထိန်လင်းက ဆရာ ဆရာမဦးရေ မလုံလောက်ဘဲ ကျောင်းသားဦးရေ အများအပြားကို ထိန်းကျောင်းသင်ကြားနေရခြင်းသည် ကလေးတစ်ဦးချင်းစီအပေါ် ဂရုမစိုက်နိုင်တော့ဘဲ သင်ကြားမှု၊ သင်ယူမှု၊ ဆန်းစစ်အကဲဖြတ်မှု စသည့် အရည်အသွေးများ ကျဆင်းလာနိုင်ပါကြောင်း၊ ရှိသည့် ဆရာ ဆရာမအင်အားဖြင့် သတ်မှတ်ချိန်၊ သတ်မှတ်ချက်ထက် ပိုသင်ကြားရခြင်း၊ ကျောင်းစီမံခန့်ခွဲမှုလုပ်ငန်းများပါ ဆောင်ရွက်ရခြင်းတို့ကြောင့် ဆရာ ဆရာမများ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ ဆရာ ဆရာမအင်အား မပြည့်စုံသည့် အရပ်ဒေသက ကလေးများသည် ဆရာ ဆရာမ အင်အားပြည့်စုံသည့် အရပ်ဒေသက ကလေးများနှင့် နှိုင်းယှဉ်ပါက အနာဂတ် ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများတွင် ကွာဟမှုရှိနိုင်ပါကြောင်း။

ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ရေရှည်တည်တံ့သည့် အကျိုးကျေးဇူးကို ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရန် အခြေခံအုတ်မြစ်လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးရှိသည့် ပညာရေးစနစ်တစ်ခု တည်ဆောက်နိုင်ရန် အခြေခံပညာအဆင့် စာသင်ကျောင်းများတွင် သင်ကြားရေး ဆရာ ဆရာမ ပြည့်စုံလုံလောက်စွာရှိစေရန် လိုအပ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဦးညဏ်ထွန်းက တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်များအပါအဝင် အခြားမြို့နယ်များတွင်လည်း သင်ကြားရေးဆရာ ဆရာမများ လိုအပ်ချက်သည် အနည်းနှင့်အများ ရှိနေမည်ဟု မျှော်လင့်မိပါကြောင်း၊ ထို့ကြောင့် လစ်လပ်လျက်ရှိသော သင်ကြားရေးဆရာ ဆရာမများနေရာတွင် လက်ရှိ ဆရာ ဆရာမများကို မွေးထုတ်ပေးလျက်ရှိသော ပညာရေးတက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ၊ ပညာရေးကောလိပ်များတွင် ဝင်ဆံ့အင်အားထက် ပိုမိုခေါ်ယူသင့်ပါကြောင်း၊ အခြားသင့်တော်သော နည်းလမ်းများဖြင့်လည်း အချိန်မီဖြည့်ဆည်းခန့်ထားပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း၊ သို့မှသာ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို မုချတည်ဆောက်နိုင်မည် ဖြစ်ပါကြောင်းနှင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာလာဆန်းက ပြောင်းလဲလာသည့် သင်ရိုးသစ် သင်ကြားနည်းစနစ်များအရ ဆရာ ဆရာမ အင်အားများ ထပ်မံလိုအပ်လာခဲ့ပါကြောင်း၊ ယခုသင်ရိုးသစ်နှင့် သင်ကြားနည်းစနစ်သည် တစ်ဦးချင်း၊ အုပ်စုလိုက်နှင့် အတန်းလိုက် ဆွေးနွေးခြင်းလုပ်ငန်း၊ ဆွေးနွေးမှုကို ပြန်လည်ဆန်းစစ်အဖြေထုတ်သည့်လုပ်ငန်းများ၊ ကျောင်းသားတစ်ဦးချင်း၏ တတ်မြောက်မှုများကို သင်ယူနေစဉ် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ ပါဝင်လာသည့်အတွက် သင်ကြားသည့် ဆရာ ဆရာမများသည် တာဝန်ကျသည့်အတန်းကို အချိန်ပြည့် တာဝန်ယူထားနိုင်မှသာလျှင် သင်ကြားရေး ထိရောက်အောင်မြင်မည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမ အင်အား မလုံလောက်၍ ပူးတွဲသင်ကြားနေရပါက သင်ကြားသင်ယူမှု ဦးတည်ချက်များကို ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိနိုင်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံအတွက် အမျိုးသားပညာရည်မြင့်မားရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သင်ကြားရေး ဆရာ ဆရာမ အင်အားပြည့်စုံနေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ "အမျိုးသားပညာရည်မြင့်မားရေး" နှင့် သင်ရိုးသစ်သင်ကြားရေးလုပ်ငန်းများ ထိရောက်အောင်မြင်စေရန် ရှေးရှု၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈)ခွန်စောလွင်က ပညာရေးကောလိပ်နှင့် ပညာရေးတက္ကသိုလ်များမှ သင်ကြားရေး ဆရာများ ပိုမိုမွေးထုတ်သွားနိုင်ရန် နိုင်ငံတော်မှ ဘဏ္ဍာငွေနှင့် အရင်းအမြစ်များ တိုးမြှင့်ပံ့ပိုးပေးနိုင်ရန်လိုအပ်ပါကြောင်း၊ ရေတိုဖြေရှင်းချက်အနေဖြင့် မြေပြင်တွင် အမှန်တကယ် စာသင်ပြနေသည့် ကျေးရွာလူထုခန့် ပြင်ပတက္ကသိုလ်ဘွဲ့ရ သင်ကြားရေးဆရာများနှင့် အခြားသောတက္ကသိုလ်ဘွဲ့ရ လူငယ်များအား ကာလတို ဆရာအတတ်သင်ပညာ သင်တန်းများပေး၍ စနစ်တကျ တရားဝင်ခန့်အပ်ခြင်းဖြင့် အရေးပေါ်လိုအပ်လျက်ရှိသော **စာမျက်နှာ ၉ သို့**

○ စာမျက်နှာ ၈ မှ

ဘာသာရပ်များနှင့် ကျောင်းများအတွက် လုပ်ငန်းခွင်အတွင်းသို့ အမြန်ဆုံးအင်အားဖြည့်တင်း ခန့်အပ်ရန်လိုပါကြောင်း။

ပညာရေးလုပ်ငန်းခွင်တွင် အသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ် ရေရှည်ရပ်တည်နိုင်ရန် လိုအပ်သည့်ဒေသများတွင် ဒေသစရိတ်၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးမှုနှင့် ထိုက်တန်သောလစာချီးမြှင့်ငွေများကို ပြန်လည်စိစစ်တိုးမြှင့်ပေးရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရမှ ဘက်ပေါင်းစုံလေ့လာသုံးသပ်ပြီး သင်ကြားရေး ဆရာများ အချိန်မီဖြည့်ဆည်းနိုင်စေရန်အလို့ငှာ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဒေါ်အေးချမ်းမုံက ဆရာ၊ ဆရာမအင်အားလိုအပ်ချက်ကို အချိန်မီဖြည့်ဆည်းနိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရာတွင် ဘက်စုံချဉ်းကပ်မှုဖြင့် ဆောင်ရွက်သင့်သည်ဟု ထင်မြင်မိပါကြောင်း၊ အခြေခံပညာကျောင်းများရှိ ဆရာ၊ ဆရာမများ လိုအပ်နေမှုကို နိုင်ငံတော်မှဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် ဆရာ၊ ဆရာမများ၏ လစာနှင့် ခံစားခွင့်များကို လက်ရှိ စီးပွားရေးအခြေအနေနှင့် ကိုက်ညီစေရန် အခါအားလျော်စွာ ပြန်လည်သုံးသပ်ဆောင်ရွက်သင့်ပါကြောင်း၊ ခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်နေရသော ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ကြေးများသည် အမှန်တကယ်ကုန်ကျစရိတ်များအပေါ်အခြေခံ၍ လက်တွေ့ဘဝအတွက် အထောက်အကူပြုနိုင်မည့် ထောက်ပံ့ကြေးဖြစ်စေရန်လိုအပ်ပါကြောင်း၊ ဆရာ၊ ဆရာမများ၏ လုံခြုံရေး၊ နေထိုင်ရေး၊ အစီအမံများကို ပိုမိုအားကောင်းစေရန်ဆောင်ရွက်သင့်ပါကြောင်း၊ ဆရာ၊ ဆရာမအင်အားဖြည့်တင်းရေးသည် ရေရှည် စီမံကိန်းတစ်ခုအဖြစ်သာမက အချိန်မီဖြေရှင်းရမည့် အရေးပေါ်တာဝန်တစ်ခုလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် အခြေခံကျောင်းများရှိဆရာ၊ ဆရာမ လိုအပ်နေမှုကို နိုင်ငံတော်မှ အချိန်မီဖြည့်ဆည်းပေးနိုင်ရေး အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်ကျော်လင်း (ခ)ဦးထိန်လင်းက ကျေးလက်ဒေသများနှင့် ဝေးလံခေါင်သီသောဒေသများတွင် ဆရာ/ ဆရာမလိုအပ်ချက် ပိုမိုမြင့်မားနေပြီး ဘာသာရပ်အလိုက် သင်ကြားပေးနိုင်မှု မပြည့်စုံခြင်း၊ အတန်းများတွင် သင်ကြားမှုအရည်အသွေးမညီမျှခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ဆရာ/ ဆရာမလိုအပ်ချက်ကြောင့် လက်ရှိ ဆရာ/ဆရာမများအပေါ် ဝန်ထုပ်ဝန်ပိုး ပိုမိုတိုးပွားစေပြီး သင်ကြားရေးအရည်အသွေးကျဆင်းနိုင်သည့် အန္တရာယ်လည်းရှိနေပါကြောင်း၊ ထို့ကြောင့် ဆရာ/ ဆရာမ လိုအပ်မှုကို အချိန်မီဖြည့်ဆည်းဆောင်ရွက်ပေးရန်သည် နိုင်ငံတော်၏ အနာဂတ် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီးအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ဦးတင်မောင်ဝင်းက ပညာရေးမူဝါဒအောင်မြင်ရန်အတွက် မြေပြင်တွင် အမှန်တကယ်သင်ကြားမည့် ဆရာ၊ ဆရာမ အင်အားအပြည့်အဝရှိနေရန်လိုအပ်ပါကြောင်း၊ ပညာရေးမူဝါဒတွင် အရည်အသွေးရှိသည့် ပညာရေးနှင့် လူတိုင်းလက်လှမ်းမီသည့် ပညာရေးဖြစ်သော်လည်း မြေပြင်တွင် အမှန်တကယ်သင်ကြားမည့် ဆရာ၊ ဆရာမ မလုံလောက်ပါက ထိုမူဝါဒများသည် အောင်မြင်နိုင်မည်မဟုတ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် ပညာရေးမူဝါဒများ အောင်မြင်ရန်အတွက် ဆရာ၊ ဆရာမ အင်အားအပြည့်အဝဖြည့်ဆည်းခန့်အပ်ပေးရန် လိုအပ်ပါကြောင်း၊ ဆရာ၊ ဆရာမသည် ကျောင်းသားများ၏ လမ်းပြကြယ်ဖြစ်ပြီး ကျောင်းသားသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးသိန်းလှိုင်က ပညာရေးဝန်ထမ်းဖြည့်ဆည်းရမည့် လုပ်ငန်းသည် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်ခြင်းထက် ပြည်သူလူထု၊ လွှတ်တော်နှင့် အစိုးရအဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ထမ်း အရင်းအမြစ်များ ရုတ်တရက်လျော့နည်းပျောက်ကွယ်ခဲ့ရသည့် အခြေအနေမှ ပြန်လည်ဖြည့်ဆည်းရာတွင် ပညာရေးဝန်ထမ်းသည် သင်တန်းအဆင့်ဆင့် လေ့ကျင့်သင်ကြားထားသူများသာ ဖြစ်သင့်ပါကြောင်း၊ ပညာအရည်အချင်းမီရုံနှင့်ခန့်ထား၍ မရသည့်အတွက် အခက်အခဲရှိပါကြောင်း၊ ထိုအရာများကို ပညာရေးဝန်ကြီးဌာနက ခက်ခက်ခဲခဲဆောင်ရွက်နေသည်ကို သိရှိရပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁)နော်ယုဇနဝါက စာသင်ကျောင်းတစ်ကျောင်းအား ခွင့်ပြုပြီဆိုပါက ယင်းစာသင်ကျောင်းတွင် ဦးဆောင်သင်ကြားပေးမည့် ဆရာ၊ ဆရာမဝန်ထမ်းများကို ဖွဲ့စည်းပုံအပြည့်ခန့်အပ်ပေးရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ ပညာရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသော ဌာနများတွင် အခြေခံပညာဦးစီးဌာနကို ဘတ်ဂျက်အများဆုံးသုံးစွဲသည်ကိုလည်းတွေ့ရပါကြောင်း၊ ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်မှ ဘွဲ့ရ၊ မဟာဘွဲ့ရ၊ ပါရဂူဘွဲ့ရပညာတတ်များကို ပြည်နယ်အတွင်းရှိ ပညာရေးဌာနများ၌ ဦးစားပေးခန့်အပ်ပေးပါရန်နှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀)ဦးသန်းအေး(ခ) ဦးတင်ဦးက အခြေခံပညာကျောင်းများအတွက် ဆရာ၊ ဆရာမလိုအပ်မှုတွင် မူလတန်းနှင့် အလယ်တန်းဆရာ၊ ဆရာမများအတွက် အရည်အချင်းသတ်မှတ်ချက်ပြည့်မီမှုလွယ်ကူနိုင်သော်လည်း အထက်တန်းပြဆရာ၊ ဆရာမ အရည်အချင်းသတ်မှတ်ချက် ပြည့်မီမှုကို အချိန်တိုအတွင်း တစ်နိုင်ငံလုံးအတွက် ဖြည့်ဆည်းပေးရန် လက်တွေ့မြေပြင်တွင် အခက်အခဲရှိနိုင်ပါကြောင်း၊ သတ်မှတ်အရည်အချင်းများ လျှော့ပေါ့ဖြည့်ဆည်းခန့်ထားပေးရန်လည်း မဖြစ်နိုင်ပါကြောင်း၊ အရည်အချင်းမီ ဆရာ၊ ဆရာမများ မွေးထုတ်လေ့ကျင့်သင်ကြားပေးမည်ဆိုပါကလည်း ကာလအပိုင်းအခြားတစ်ခု အချိန်ယူရခြင်းမျိုးရှိနိုင်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများအတွက် သင်ကြားရေးဆရာ၊ ဆရာမများ အချိန်မီပြည့်စုံလုံလောက်စွာဖြည့်ဆည်းခန့်ထားရန် ပကတိအနေအထားနှင့် ဆီလျော်ကိုက်ညီခြင်းမရှိပါကြောင်း၊ အဆိုအောင်မြင်ပြီး လွှတ်တော်က အတည်ပြုဆုံးဖြတ်မည်ဆိုပါက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြည့်ဆည်း အကောင်အထည်ဖော်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနအတွက် များစွာ အခက်အခဲတွေ့စေမည် ဖြစ်ပါကြောင်းနှင့် မိမိဆွေးနွေးသည့် အချက်အလက်များကို လွှတ်တော်က ထည့်သွင်းစဉ်းစားပြီးမှသာ အဆိုကို ဆုံးဖြတ်သင့်ပါကြောင်းဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးကျော်တင့်က အခြေခံပညာသင်ကြားရေးကာလကို KG+10 (၁၁) နှစ်သင်ကြားရေးကာလမှ KG+12 (၁၃ )နှစ်သင် ပညာသင်ကြားရေးကာလအဖြစ်သို့ နှစ်တန်းတိုးမြှင့်သင်ကြားရန် သတ်မှတ်ပြဋ္ဌာန်းခဲ့သောကြောင့် ဆရာ၊ ဆရာမ လိုအပ်မှုဖြစ်ပေါ်ခဲ့ပါကြောင်း၊ နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပေါ်သောကြောင့် သင်ကြားရေးဆရာ၊ ဆရာမများ လစ်လပ်ပြုန်းတီးမှုများပြားခဲ့ပါကြောင်း၊ ဆရာ၊ ဆရာမ ခန့်ထားရေးအတွက် ဝန်ကြီးဌာနက သတ်မှတ်ထားသော မူများရှိသည်ကို သိရှိပါကြောင်း၊ ဆရာအတတ်သင် ကောလိပ် ၄ နှစ်သင်တန်းများဖွင့်လှစ်ပြီး ဆရာ၊ ဆရာမများကို ခန့်အပ်လျက်ရှိသည်ကိုလည်း သိရှိပါကြောင်း၊ ၂၀၂၅ ခုနှစ် မူလတန်းပြဆရာအဖြစ် ဝင်ခွင့်စာမေးပွဲများ ကျင်းပပြီး အောင်မြင်ကြသူများကို မူလတန်းဆရာအဖြစ် သင်တန်းများ တက်ရောက်စေခဲ့ပါသော်လည်း ယင်းအင်အားများကိုလည်း ခန့်ထားခြင်းမရှိသေးကြောင်းကိုလည်း သိရှိရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆရာ၊ ဆရာမများအဖြစ် ခန့်ထားနိုင်ရန်အရည်အချင်းပြည့်ဝသူများ နည်းပါးသဖြင့် ခန့်ထားမှုအရေအတွက် အခက်အခဲများရှိသည်ကိုလည်း သိရပါကြောင်း၊ ပညာရေးဒီဂရီကောလိပ် ၄ နှစ်သင်တန်းဆင်းများကိုလည်း ခန့်ထားမှု နှောင့်နှေးကြန့်ကြာမှုမရှိအောင် အချိန်မီခန့်ထားနိုင်ရေးကို ဆောင်ရွက်ပေးစေလိုကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ၂၀၁၈-၂၀၁၉ မှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အထိ အထက်တန်းကျောင်း ၆၄၈၀၊ အလယ်တန်းကျောင်း ၁၅၇၃၂ ကျောင်း၊ မူလတန်း ၂၅၆၄၁ ကျောင်း စုစုပေါင်း ၄၇၈၅၃ ကျောင်းတွင် ဆရာ၊ ဆရာမ အင်အား ၃၀၇၉၁၄ ဦး ရှိပါကြောင်း၊ ဆရာ၊ ဆရာမများဖြည့်ဆည်းရေး အထက်တန်းပြအတွက် ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် စုစုပေါင်း သုံးကျောင်းရှိပြီး အလယ်တန်းပြနှင့် မူလတန်းပြအတွက် ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းရှိပါကြောင်း၊ အထက်တန်းပြဆရာများ ပိုမိုမွေးထုတ်နိုင်ရန်အတွက် ပညာရေးဒီဂရီကောလိပ်အချို့ကို ၂၀၂၆ ခုနှစ်မှစတင်ကာ ဆရာအတတ်ပညာတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့သော် လျှောက်ထားသည့်ဦးရေအပေါ်မူတည်ပြီး လေ့ကျင့်မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လျှောက်ထားသူဦးရေ တိုးလာရေးလိုအပ်ပါကြောင်း။

ဆရာ၊ ဆရာမများလိုအပ်ချက်အတွက် ဆွဲခန့်ဆရာ၊ ဆရာမများအဖြစ် အလွယ်တကူ ခန့်ထားဆောင်ရွက်၍မရပါကြောင်း၊ အခြေခံပညာသင်ရိုးသည် နိုင်ငံတကာသင်ရိုးနှင့်အညီ အဆင့်မီသည့်သင်ရိုးဖြစ်သည့်အတွက် ဆရာအတတ်ပညာကိုသိရှိနားလည်သော ဆရာအတတ်ပညာလက်မှတ်ရအရည်အသွေးရှိ ဆရာ၊ ဆရာမများ ခန့်ထားရန်လိုအပ်ပါကြောင်း၊ အရည်အသွေးရှိသည့် ဆရာ၊ ဆရာမများခန့်ထားပြီး သင်ကြားပို့ချမှုသာလျှင် အရည်အသွေးပြည့်ဝသော ကျောင်းသား၊ ကျောင်းသူများဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း။

အရည်အသွေးရှိသော ဆရာ၊ ဆရာမများဖြည့်ဆည်းနိုင်ရေးအတွက် ဘွဲ့ရရှိပြီး ဆရာ၊ ဆရာမများအဖြစ် လျှောက်ထားလိုသော လူငယ်များရှိပါက မကြာမီ သတင်းစာတွင်ထည့်သွင်းပြီး ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း (Dip.EP) အမှတ်စဉ်(၃)ကို ၂၀၂၆ ခုနှစ် အောက်တိုဘာတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ အသက် ကန့်သတ်ချက်အနေဖြင့်လည်း ပြင်ပမှဖြစ်ပါက ဘွဲ့တစ်ခုခုရရှိပြီးသူများသည် အသက် ၃၇ နှစ်၊ ဝန်ထမ်းဖြစ်ပါက အသက် ၄၂ နှစ်အထိ ဖြေလျှော့ထားပါကြောင်း၊ ဆရာ၊ ဆရာမများ လျှောက်ထားကြရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေလိုပါကြောင်း။

သို့ပါ၍ ဆရာ၊ ဆရာမများဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆရာ့လုပ်ငန်းအပေါ် တန်ဖိုးထားတတ်သော၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသော ဆရာ၊ ဆရာမလောင်းများ ဆရာအတတ်ပညာသင်တန်းများ တက်ရောက်နိုင်ရေး၊ အရည်အသွေးရှိသော ဆရာ၊ ဆရာမများလိုအပ်နေမှုကို အချိန်မီဖြည့်ဆည်းပေးနိုင်ရေးသည် နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာနမှသာ တာဝန်ယူဆောင်ရွက်၍ မရနိုင်ဘဲ မိဘပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် ရေရှည်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားအားမေးမြန်းရာ အဆိုရှင်က မိမိအဆိုအား မှတ်တမ်းအဖြစ် ထားရှိပေးပါရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ဆန္ဒအရ လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို ဇွန် ၁၈ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဌာနဆိုင်ရာများ တွေ့ဆုံ

**သရက် ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဌာနဆိုင်ရာများ တွေ့ဆုံပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက အဖွင့်အမှာစကား ပြောကြားရာတွင် ရက်(၁၀၀) စီမံချက်ဖြင့် လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် ဌာနများအနေဖြင့် စီမံချက်ကာလအတွင်း လုပ်ငန်းများကို ပြီးစီးအောင် စနစ်တကျ ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)နှင့် အမှတ်(၂)တို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများထံမှ လုပ်ငန်းနှင့် ဒေသ၏ အချက်အလက်များအား လွှတ်တော်သို့ တင်ပြရာတွင် လိုအပ်ချက်များအား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများ၊ လိုအပ်ချက်များကို ညှိနှိုင်း၍ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

ထို့နောက် ရက်(၁၀၀) ကာလအတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဌာနများမှ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စော်ထက်(သရက်)



❖ စာမျက်နှာ ၂၄ မှ

ကားမိုင်းကြီး ရှစ်လုံး၊ ကွန်ကရစ်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း သုံးလုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း နှစ်လုံးကိုလည်းကောင်း စုစုပေါင်း လက်လုပ်မိုင်းမျိုးစုံ ၄၆ လုံးတို့ကို တွေ့ရှိခဲ့ပြီး အဆိုပါ မိုင်းများအား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သက်မဲ့ပြုလုပ်ကာ စနစ်တကျ ဖယ်ရှား ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းမကြီးများ၊ ရထားလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နှင့် ကံမမြို့နယ်သို့ ဆက်သွယ်ထားသည့် ကားလမ်းမကြီးပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ ၄၆ လုံးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းခဲ့မှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။

✢ ရွှေကုက္ကိုလ်နယ်မြေမှ

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင် ခုနစ်ထပ်လူနေ အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ အနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၅၉ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၈ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီး သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်း နိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ချောက်မြို့မဈေး၌ အသားများအား သတ်မှတ်ဈေးနှုန်းအတိုင်းရောင်းချရေး ကွင်းဆင်းစစ်ဆေး

**ချောက် ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ချောက်မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော အသားဆိုင်များတွင် အသားများအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချစေရေး အပတ်စဉ် ကွင်းဆင်းကြပ်မတ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အပေါ်ယာပုံ)**



အဆိုပါကွင်းဆင်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်လတ်လတ်ဌေး ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးကော်မတီဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အသားများဝယ်ယူနိုင်စေရန်၊ လက်ရှိမြေပြင်တွင် ရောင်းချလျက်ရှိသော အမဲသား၊ ဝက်သား၊ ဆိတ်သားဈေးနှုန်းများနှင့် အသားအရောင်းဆိုင်များတွင် ရောင်းချရန် သတ်မှတ်ပေးထားသည့် ဈေးနှုန်းများကွာခြားမှုမရှိစေရေး၊ သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချစေရေး၊ သတ်မှတ်ပေးထားသည့် အသားဈေးနှုန်းများအား ပြည်သူများသိရှိစေရန် ဗီနိုင်းဆိုင်းဘုတ်များဖြင့် ချိတ်ဆွဲဖော်ပြထားခြင်းရှိ၊ မရှိ စစ်ဆေးခြင်းများဆောင်ရွက်ခြင်း၊ သတ်မှတ်ဈေးနှုန်းများအား ဈေးဝယ်သူများသိရှိစေရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက အသိပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



# သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်

**ဒိုက်ဦး ဇွန် ၁၅**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဒရယ်မီးရပ်ကွက်၌ ဇွန် ၁၃ ရက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လုံးပတ် ၅ပေခန့်၊ အမြင့် ၄၅ ပေခန့်ရှိ ညောင်ပင်သည် အမြစ်မခိုင်ဘဲ လဲကျပြီး လမ်းပိတ်နေကြောင်း သတင်းရရှိသဖြင့် ဒိုက်ဦးမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၈ နာရီခွဲတွင် ပြီးစီးခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*–*–*–*–*

# လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

**ဆင်ပေါင်ဝဲ ဇွန် ၁၅**

မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဇွန် ၁၂ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် မြို့ဝင်၊ထွက်စစ်ဆေးရေးဂိတ်၌ ဆင်ပေါင်ဝဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကိုးပင်ကျေးရွာမှ ဆင်ပေါင်ဝဲမြို့ဘက်သို့ ဆင်ပေါင်ဝဲမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ စန်းမင်းအောင်(၄၈)နှစ် ဆိုသူ မောင်းနှင်လာသည့် နံပါတ်မပါ SURKA 125 မော်တော်ဆိုင်ကယ်နှင့် ရွာသစ်ကျေးရွာနေ မိုးကျော်အောင်(၄၄)နှစ် ဆိုသူ မောင်းနှင်လာသည့် နံပါတ်မပါ KENBO 110 မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ဆိုင်ကယ်များနှင့်ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် စန်းမင်းအောင်နှင့် မိုးကျော်အောင် ဆိုသူတို့ နှစ်ဦးအား ဆင်ပေါင်ဝဲမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊အလားတူ ည ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မြစ်ငယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် ဖျောက်ဆိပ်ကုန်းကျေးရွာထိပ်အရောက်၌ ၆၇ လမ်းအတိုင်း တောင်မှမြောက်သို့ အမရပူရမြို့နယ်၊ ဖျောက်ဆိပ်ကုန်းကျေးရွာနေ အောင်နိုင်ဦး(ခ)ဖက်တီး(၄၀)နှစ်ဆိုသူ မောင်းနှင်လာသည့်MARK II မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် အောင်နိုင်ဦး(ခ)ဖက်တီးဆိုသူအား မြစ်ငယ်နယ်မြေရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။




## ၂၁ရာစုအတွင်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခုနစ်ဂိုးနှင့်အထက် သုံးကြိမ်သွင်းယူနိုင်သည့် ပထမဆုံးအသင်းအဖြစ် ဂျာမနီအသင်းမှတ်တမ်းဝင်

**မြူးနစ် ဇွန် ၁၅**

ဂျာမနီအသင်းသည် ၂၁ရာစုအတွင်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခုနစ်ဂိုးနှင့်အထက် သုံးကြိမ်အထိ သွင်းယူနိုင်သည့် ပထမဆုံးအသင်းအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် ဂျာမနီအသင်းသည် ကူရာကာအိုအသင်းကို ခုနစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဆင့်တွင် ဆော်ဒီအာရေဗျအသင်းကို ရှစ်ဂိုး၊ ဂိုးမရှိ၊ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဘရာဇီးအသင်းကို ခုနစ်ဂိုး၊ တစ်ဂိုး၊ ကူရာကာအိုအသင်းကို ခုနစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူကာ ယခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု(E)တွင် ကူရာကာအို၊ အိုင်ဗရီကို့စ်၊ အီကွေဒေါအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

**(အောက်ပုံ) (NGB)**



## နည်းပြ အာဘီလိုအာကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဖူလ်ဟမ်အသင်း သဘောတူညီမှု ရရှိ

**လန်ဒန် ဇွန် ၁၅**

ဖူလ်ဟမ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ အာဘီလိုအာကို ခန့်အပ်ရန် သဘောတူညီမှု ရရှိခဲ့သည်။

အသက်(၄၃)နှစ်အရွယ်ရှိ နည်းပြသည် ရီးရဲလ်မက်ဒရစ်အသင်းကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့်လည်း ဖူလ်ဟမ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်လာခြင်းဖြစ်သည်။

နည်းပြ အာဘီလိုအာသည် ဖူလ်ဟမ်အသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုသွားမည်လည်းဖြစ်သည်။

ထို့ကြောင့် နည်းပြ အာဘီလိုအာအနေဖြင့် ဖူလ်ဟမ်အသင်းကို အမှန်တကယ် ကိုင်တွယ်ပြီး အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## ဗင်နီစီယပ်စ် ဘရာဇီးအသင်းနှင့်အတူ ပွဲပေါင်း ၅၀ ပြည့်မြောက်

**လန်ဒန် ဇွန် ၁၅**

တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ဘရာဇီးအသင်းနှင့်အတူ ပွဲပေါင်း ၅၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် ဘရာဇီးအသင်းနှင့် မော်ရိုကိုအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။



တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ဘရာဇီးအသင်းနှင့်အတူ ၂၀၁၉ မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲ ပွဲပေါင်း ၅၀ ကစားကာ သွင်းဂိုး ၁၀ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဗင်နီစီယပ်စ်က "ကျွန်တော် အခုလို အသင်းနဲ့အတူ ပွဲပေါင်း ၅၀ ပြည့်မြောက်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ပွဲစဉ်တိုင်းပါဝင်ကစားပြီး ၂၀၂၆ ကမ္ဘာ့ဖလားကြီး ဆွတ်ခူးနိုင်အောင် အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

| ၂၀၂၆ ကမ္ဘာ့ဖလား(အုပ်စုပွဲစဉ်များ) နိုင်ကမ္ဘာ | | |
|---|---|---|
| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
| ၁၇-၆-၂၀၂၆ နံနက်၀၁း၃၀နာရီ | I | ပြင်သစ် - ဆီနီဂေါ |
| ၁၇-၆-၂၀၂၆ နံနက်၀၄း၃၀နာရီ | I | အီရတ် - နော်ဝေ |
| ၁၇-၆-၂၀၂၆ နံနက်၀၇း၃၀နာရီ | J | အာဂျင်တီးနား - အယ်လ်ဂျီးရီးယား |
| ၁၇-၆-၂၀၂၆ နံနက်၁၀း၃၀နာရီ | J | ဩစတြီးယား - ဂျော်ဒန် |

## အန်ဒရီယာဂျာစင်တိုကို ရီးရဲလ်မက်ဒရစ်အသင်း ခေါ်ယူ

**မက်ဒရစ် ဇွန် ၁၅**

ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းသည် ဆိုစီဒက်အမျိုးသမီးအသင်း ကွင်းလယ်ကစားသမား အန်ဒရီယာဂျာစင်တိုကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။ **(ယာပုံ)**

ကွင်းလယ်ကစားသမား အန်ဒရီယာဂျာစင်တိုသည် ဆိုစီဒက်အမျိုးသမီးအသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲ ၁၁၂ ပွဲကစားကာ သုံးဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ် အမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ အန်ဒရီယာဂျာစင်တိုအနေဖြင့် လာမည့် ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အမျိုးသမီးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## ဆွီဒင်အသင်းက တူနီးရှားအသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရ

**လန်ဒန် ဇွန် ၁၅**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (F)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဆွီဒင်အသင်းနှင့် တူနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆွီဒင်အသင်းက တူနီးရှားအသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆွီဒင်အသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် ၇ မိနစ်နှင့် (၉၀+၆)တွင် အာယာရီ၊ ပွဲချိန် မိနစ် ၃၀ တွင် အီဆက်စ်၊ ပွဲချိန် ၅၉ မိနစ်တွင် ဂျော်ကရက်စ်၊ ပွဲချိန် ၈၄ မိနစ်တွင် ဆဗန်ဘာ့ဂ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဆွီဒင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (F)ဒုတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၀ရက်တွင် နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ယာပုံ) (NGB)**



## ရန်းနစ်ခ် ဩစတြီးယားအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**လန်ဒန် ဇွန် ၁၅**

ဩစတြီးယားအသင်းသည် အသင်းနည်းပြ ရန်းနစ်ခ်ကို ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဩစတြီးယားအသင်းကို ၂၀၂၂ ခုနှစ်၊ မေ ၂၄ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၄၆ပွဲတွင် ၂၈ပွဲနိုင်၊ ၈ပွဲသရေ၊၁၀ပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ရလဒ်ကောင်းများ ရယူနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၆၇)နှစ်အရွယ်ရှိ ရန်းနစ်ခ်က "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းကို အောင်မြင်မှုများ ရရှိအောင်လည်း စွမ်းဆောင်ပေးသွားမှာပါ" ဟု ပြောသည်။

ဩစတြီးယားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စု (J)တွင် ဂျော်ဒန်၊ အာဂျင်တီးနား၊ အယ်လ်ဂျီးရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။ **(အပေါ်ဝဲပုံ)(NGB)**

## လီကန်အင်ကို ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်းစီစဉ်

**မက်ဒရစ် ဇွန် ၁၅**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ပီအက်စ်ဂျီအသင်း ကွင်းလယ်တိုက်စစ်ကစားသမား လီကန်အင်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၄ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



ကွင်းလယ်တိုက်စစ်ကစားသမား လီကန်အင် ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် ပီအက်စ်ဂျီအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှထွက်ခွာချင်နေသည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ပီအက်စ်ဂျီအသင်းမှ လီကန်အင်ကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## 2026 Boss Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Ben Shelton ဆွတ်ခူး

**စတုဂတ် ဇွန် ၁၅**

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Boss Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန် တင်းနစ်ကစားသမား Ben Shelton က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Ben Shelton သည် 2026 Boss Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် တစ်နိုင်ငံတည်းသားဖြစ်သူ တင်းနစ်ကစားသမား Taylor Fritz ကို ၆-၄၊ ၂-၆၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ Ben Shelton က "ကျွန်တော် အခုလို 2026 Boss Openတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်





**မန္တလေး ဇွန် ၁၅**

၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ရှိ လေယာဉ်ကွင်းဟောင်းတွင် ကျင်းပသွားမည်ဖြစ်ရာ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေး၌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါးပြဿနာကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် စနစ်တကျ ကြပ်မတ်ကာ အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့၊ မြေမြှုပ် ဖျက်ဆီးခြင်းများ ဆောင်ရွက်မည့် ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းနေရာနှင့် ကြာနီကန်ကျေးရွာရှိ အေးရိပ်ငြိမ်နေရာတို့တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် ဆပ်ကော်မတီများ အလိုက် တာဝန်ခွဲဝေချထားပေးမှုများနှင့် ပတ်သက်၍ ဆွေးနွေး တင်ပြခဲ့သည်။

ဆက်လက်၍ သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် တာဝန်ရှိသူများက ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးအကြံပြု တင်ပြကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် မန္တလေးမြို့ရှိ ဆေးပညာနှီးနွယ်တက္ကသိုလ်များသို့ ကွင်းဆင်းကြည့်ရှု

**မန္တလေး ဇွန် ၁၅**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခ ဒေါက်တာတင်ထွန်းသည် ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်၊ ဆေးနှီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၃ ရက် မွန်းလွဲပိုင်းက ဆေးဝါးတက္ကသိုလ် မန္တလေးသို့ ရောက်ရှိပြီး ကျောင်းသူ (၂၀၀)ဆံ့အဆောင် ဆောက်လုပ်မည့်နေရာ၊ ဝန်ထမ်းဆောင်နှင့် ပင်မဆောင်မျက်နှာကြက် ပြုပြင်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။

ယင်းနောက် သူနာပြုတက္ကသိုလ်၊ မန္တလေးသို့ ရောက်ရှိပြီး ငလျင်ဒဏ်သင့် အဆောက်အဦများနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပင်မ(A)ဆောင် RCC လေးထပ် အသစ်တည်ဆောက်ခြင်းလုပ်ငန်း အခြေအနေများအား ကွင်းဆင်းကြည့်ရှုပြီး တည်ဆောက်ရေးလုပ်ငန်းများအား တာဝန်ယူဆောင်ရွက်မည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၆) အဖွဲ့ဝင်များကိုလည်း အဆောက်အဦများ ဆောက်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ခိုင်ခံ့စေရန်နှင့် အဆောက်အဦ အချောသပ်ပိုင်း ဆောင်ရွက်ရာတွင်လည်း အရည်အသွေးကောင်းမွန်သော ပစ္စည်းများ အသုံးပြုရန် မှာကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-မန္တလေးသို့ ရောက်ရှိခဲ့ပြီး (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အရာထမ်းအိမ်ရာ တည်ဆောက်ခြင်းအတွက် လိုအပ်သည်များ မှာကြားပြီးနောက် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေးသို့ ရောက်ရှိပြီး Medical Laboratory RC နှစ်ထပ် ပြုပြင်ခြင်း၊ မြတ်တော်ဝင်ဆောင် RC သုံးထပ် ပြုပြင်ခြင်းတို့ကို ကွင်းဆင်းကြည့်ရှု၍လည်းကောင်း၊ တာဝန်ယူဆောင်ရွက်လျက်ရှိသော အဆောက်အဦ အထူးအဖွဲ့(၆)အဖွဲ့ဝင်များအား ပြုပြင်မွမ်းမံမည့် အဆောက်အဦများနှင့် အသစ်တည်ဆောက်မည့် အဆောက်အဦများနှင့် ပတ်သက်၍လည်းကောင်း လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

ရေနုတ်မြောင်းများသည်
အမှိုက်ပစ်ရန် နေရာမဟုတ်ပါ။

# ဝမ်းတွင်းမြို့နယ်၊ အင်းကန်းကုန်းကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) စီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**ဝမ်းတွင်း ဇွန် ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် စနစ်ကျသော မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အင်းကန်းကုန်းကျေးရွာ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ရန်ပုံငွေများ ထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ထုတ်ချေးရာတွင် ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက အင်းကန်းကုန်းကျေးရွာ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် စနစ်ကျသောမွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့အား ရန်ပုံငွေ ကျပ်သန်း ၃၀ အား ထုတ်ချေးပေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ကျေးရွာလုပ်ငန်းအဖွဲ့၊ ကိုက်လန်စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်မည့်အဖွဲ့၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့များနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် အင်းကန်းကုန်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ လေးဖွဲ့၊ အဖွဲ့ဝင် ၂၀ ဦးအား ထုတ်ချေးငွေကျပ်သန်း ၃၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

၀-၀-၀-၀-၀

# သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း ဖွင့်လှစ်

**မန္တလေး ဇွန် ၁၅**

သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းကို မန္တလေးခရိုင် မီးသတ်ဦးစီးမှူးရုံးရှိ အစည်းအဝေးခန်းမဆောင်၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

အဆိုပါ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းကို ဇွန် ၁၅ ရက်မှ ဇူလိုင် ၁၀ ရက်အထိ နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိ မီးသတ်ပညာရပ်များ၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ ပညာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည် ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးရှိုင်းဝေမိုး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ချမ်းမြေ့မောင်(ချမ်း/စံ)**

၀-၀-၀-၀-၀-၀-၀

၀-၀-၀





# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(အဌမနေ့) ဆက်လက်ကျင်းပ

**မန္တလေး ဇွန် ၁၅**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး(အဌမနေ့)ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ အစီအစဉ်(၆)ရပ်ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် စုစုပေါင်း (၇၆)ဦး တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၁၀)ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း(၁၄)ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်သည်။

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး(အဌမနေ့)ကို နံနက်၁၁ နာရီတွင် ရပ်နားကြောင်းနှင့် အစည်းအဝေး(နဝမနေ့)ကို ဇွန် ၁၆ ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-စ)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**တောင်တွင်းကြီး ဇွန် ၁၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk) ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မထိ(စံပြ)ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်သိန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ဇော်ဦးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ပြည်သူ့စကားဝိုင်းပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဆွေးနွေးကြရာ တက်ရောက်လာသည့် ပြည်သူများက ကျေးလက်လမ်းကောင်းမွန်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေရှိရေး၊ သန့်ရှင်းသာယာလှပရေး စသည့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ပေးစေလိုသည်များ၊ လိုအပ်ချက်များကို တင်ပြမေးမြန်းခဲ့ကြပြီး သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ ဟင်္ဂရော်ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နောင်နောင် (ဗိုသန်းမြေ)**

## သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ထောင်များ ပေးအပ်

**ဇဗ္ဗူသီရိ ဇွန် ၁၅**

နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့်ဇဗ္ဗူသီရိမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခုတင်(၅၀)ဆေးရုံမှဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေး ဝန်ထမ်းများပူးပေါင်း၍ ဇွန် ၁၄ ရက် နံနက် ၈ နာရီမှ ၁၂ နာရီအထိ နေပြည်တော်၊ ဇဗ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ သုခတော်ဝင်အိမ်ရာနေ ပြည်သူများအား ကွပ်ကဲရေးရုံးတွင် တီဘီရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် သုခတော်ဝင်အိမ်ရာနေ ပြည်သူများအား ဇဗ္ဗူသီရိမြို့နယ် ခုတင်(၅၀)ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက ဆီးချိုရောဂါ၊ သွေးတိုးရောဂါ စစ်ဆေးခြင်း၊ တီဘီရောဂါရှာဖွေကုသရေးအဖွဲ့မှ တီဘီရောဂါရှိ၊ မရှိ မိုဘိုင်းဓာတ်မှန်ယာဉ်ဖြင့် ဓာတ်မှန်ရိုက်စစ်ဆေးပေးကြသည်။

ထို့နောက် ဇဗ္ဗူသီရိမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်များ အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀

# ခရီးသွားဧည့်လမ်းညွှန်များအနေဖြင့် လိုင်စင်မရှိဘဲလုပ်ကိုင်ပါက အရေးယူခံရမည်

**မန္တလေး ဇွန် ၁၅**

ခရီးသွားဧည့်လမ်းညွှန်များအနေဖြင့် နိုင်ငံတော်အစိုးရက တရားဝင်ထုတ်ပေးထားသော ဧည့်လမ်းညွှန်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရှိရမည်ဖြစ်ပြီး လိုင်စင်မရှိဘဲလုပ်ကိုင်ပါက ဟိုတယ်နှင့် ခရီးသွားလာရေး ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ထောင်ဒဏ်သုံးနှစ်နှင့် ဒဏ်ငွေကျပ်ငါးသောင်းအထိ အရေးယူခံရမည်ဖြစ်သည်။

ဒေသဆိုင်ရာ ဧည့်လမ်းညွှန်များ လိုင်စင်မရှိဘဲ လုပ်ကိုင်နေသည်ကိုတွေ့ရှိပါက ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနသို့ အထောက်အထားအပြည့်အစုံဖြင့် တိုင်ကြားနိုင်ကြောင်းလည်း အသိပေးထားသည်။

လက်ရှိ ဧည့်လမ်းညွှန်လုပ်ကိုင်ခွင့်လိုင်စင် သက်တမ်းတိုးရန်ပျက်ကွက်ခဲ့သဖြင့် လိုင်စင်ဖျက်သိမ်းခံခဲ့ရသော ဧည့်လမ်းညွှန်များအတွက် "လိုင်စင်ပျက်ပြယ်ဧည့်လမ်းညွှန် မွမ်းမံသင်တန်း အမှတ်စဉ် (၁၃)"ကို ဇူလိုင်လအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းလည်း ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ စည်းကမ်းထိန်းသိမ်းရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (CTD) သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သကဲ့သို့ tts.yangon@gmail.com သို့ အီးမေးလ်ပေးပို့၍လည်း လျှောက်ထားနိုင်သည်။

လုပ်ငန်းလိုင်စင် သက်တမ်းကို အခြေခံအားဖြင့် နှစ်နှစ်သတ်မှတ်ထားသော်လည်း လုပ်ငန်းမှ ခေတ္တအနားယူသွားသော ဧည့်လမ်းညွှန်များအတွက်မူ လေးနှစ်သက်တမ်းအထိ ထပ်မံသက်တမ်းတိုးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည်။

လက်ရှိတွင် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းများကို မန္တလေး၊ ပုဂံ၊ တောင်ကြီး၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့များ၌ ဖွင့်လှစ်ပေးလျက်ရှိပြီး ဒေသဆိုင်ရာသင်တန်းဆင်း ၁၆၀၀ ကျော်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းခွဲများမှ သင်တန်းဆင်း ၃၇၀၀ ကျော် စုစုပေါင်း ၅၀၀၀ ကျော်ကို လုပ်ငန်းလိုင်စင်ထုတ်ပေးထားပြီးဖြစ်ကြောင်းနှင့် ယခင်နှစ်များက ခရီးသွားဧည့်လမ်းညွှန် ၈၇၀၀ ကျော်အထိ ရှိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**


**ရွှေမန်း**



# ကျွန်တော်နှင့် . . . မန္တလေးမြို့မှ လမ်းဆုံများ (Intersection Point များ)

**DE ဦးသန်းမြင့်ရေ ......**

မန္တလေးမြို့မှာ ကျွန်တော်တို့ Legally အရ လူဦးရေ ၁၂ သိန်းရှိတယ်လို့ သိရပါတယ်ခင်ဗျာ။ ဒါပေမဲ့ လောလောဆယ်တော့ မန္တလေးမြို့မှာ လာရောက်နေထိုင်ကြတဲ့ ဧည့်သည်တွေက များပြားပါတယ်။သူတို့လာတဲ့အချိန်မှာ မန္တလေးမြို့ကို ပြောင်းရွှေ့လာတဲ့ ဧည့်သည်တွေက ကားတွေလည်း ပါလာကြတယ်။ ဒါကြောင့်မို့လို့ သူတို့ရဲ့ ကားအစီးတွေ၊ ယာဉ်အစီးတွေက လမ်းပေါ်မှာ တော်တော်ကို များလာပါပြီ။ နောက်တစ်ခါ စားသောက်ဆိုင်တွေ၊ ကာရာအိုကေတွေ၊ ဂေါက်ကွင်းတွေမှာလည်း ကားတွေ ပိုများလာပါတယ်ခင်ဗျာ။ အဲ့ဒီကျတော့ ယာဉ်ကြောတွေက အရင်နဲ့ယှဉ်ရင် ပိုမိုရှုပ်ထွေးလာပါတယ်။ ယာဉ်ကြောရှုပ်ထွေးလာတဲ့အညီ မန္တလေးမြို့မှာ ကျွန်တော်တို့ အောင်ပင်လယ်ကန်ပေါင် မြို့ပတ်လမ်းဆိုတာ ရှိပါတယ်။ ယခုတင်ပြမယ့် လမ်းဆုံသုံးခုကတော့ အောင်ပင်လယ်ကန်ပေါင်




မြို့ပတ်လမ်းနဲ့ ၂၆လမ်း လမ်းဆုံ၊ အောင်ပင်လယ်ကန်ပေါင် မြို့ပတ်လမ်းနဲ့ လမ်း၃၀ လမ်းဆုံ၊ နောက်တစ်ခါ အောင်ပင်လယ်ကန်ပေါင် မြို့ပတ်လမ်းနဲ့ ၃၅လမ်း လမ်းဆုံတို့အတွက် ရေးဆွဲတင်ပြထားခြင်းဖြစ်ပါတယ်။


ကျွန်တော်တို့ အောင်ပင်လယ်ကန်ပေါင် လမ်းမကြီးဟာဆိုရင် မြို့တော်စည်ပင်၊ MCDCက ကိုင်တဲ့ လေးလမ်းသွားလမ်းမကြီး ဖြစ်ပါတယ်။ ဒီလေးလမ်းသွားလမ်းမကြီးကို ကျွန်တော်တို့က ပြင်ဦးလွင်ဘက်ကလာတဲ့ လမ်းညာဘက်အစွန်ဆုံးလမ်း၊ မန္တလေးအခေါ် အရှေ့ဘက်ကလမ်းကို အလျားပေ ၆၆၀ လောက် ပိုးလိုက်ပါမယ်။ အဲ့ဒါဆိုရင် မန္တလေးမြို့ထဲကို ဝင်လာတဲ့လမ်းက သုံးလိုင်းဖြစ်လာပြီးတော့ အတွင်းဆုံးလိုင်းက ကျွန်တော်တို့ ၃၅ လမ်းဘက်၊ လမ်း ၃၀ ဘက် ဒါမှမဟုတ်၂၆ လမ်းဘက်ကို ကွေ့မှာဖြစ်ပါတယ်။ အပြင်နှစ်လိုင်းကတော့ ကျွန်တော်တို့က Straight အဖြောင့် ဆက်သွားပြီးတော့ အောင်ပင်လယ်ကန်ပေါင်အတိုင်း ပုသိမ်ကြီးဘက်ကို ဆက်သွားမယ့် အနေအထားဖြစ်ပါတယ်။

အဲ့ဒီလိုပဲ ပုသိမ်ကြီးဘက်ကလာတဲ့ ကားတွေက ၃၅ လမ်းဘက်၊ လမ်း၃၀ဘက်၊ ၂၆ လမ်းဘက်ကို ချိုးဖို့အတွက် ပေ ၆၆၀ ခန့် တစ်လိုင်း အပိုပေးရမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုင်းအတွက် ပေ ၆၆၀ လိုင်း အပိုတည်ဆောက်ပေးရမယ်။ အဲ့ဒီအပိုတည်ဆောက်ပေးလိုက်တဲ့ တစ်လိုင်းလုံးက ညာချိုးပြီးတော့ မြို့ထဲကို ဝင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အရပ်အခေါ်တော့ " Free ကြော" လို့ ခေါ်ပါတယ်။ Engineer Term အနေနဲ့တော့ "No Parking Lane" လို့ခေါ်ပါတယ် ခင်ဗျာ။ (ကြေးစည်နား၊ ငါးကြင်းမြီး)လို့လည်း ခေါ်ပါတယ်။ ကျန်တဲ့နှစ်လိုင်းကတော့ အဖြောင့်သွားမယ့် လမ်းများ ဖြစ်ပါတယ်။

အဲ့ဒီလိုပဲ ၃၅ လမ်း၊ လမ်း၃၀ နဲ့ ၂၆ လမ်းတွေမှာ မန္တလေးအခေါ် တောင်ဘက်အစွန်ဆုံး လမ်းကြောကို ပေ ၆၆၀ ခန့် တစ်လိုင်းတိုး၍ တည်ဆောက်ပေးရပါမယ်။ အဲ့ဒီ တိုး၍ တည်ဆောက်ပေးလိုက်တဲ့ ပေ ၆၆၀ လိုင်းတွေက ကျွန်တော်တို့ မန္တလေးအခေါ် တောင်ဘက်ကို ချိုးပြီးတော့ ပြင်ဦးလွင်ဘက်ကို တစ်ခါတည်းသွားရမှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ အရပ်အခေါ်တော့ " Free ကြော " လို့ခေါ်ပါတယ်။ Engineer Term အနေနဲ့တော့ "No Parking Lane" လို့ ခေါ်ပါတယ်ခင်ဗျာ။ (ကြေးစည်နား၊ ငါးကြင်းမြီး)လို့လည်း ခေါ်ပါတယ်။ ဒါကြောင့်မို့ ဒါကြီးက ခြောက်လမ်းသွားချဲ့ဖို့လည်း မလိုဘူး။ ငါးလမ်းသွားအနေနဲ့လည်း ပေ ၆၆၀ အကွာအဝေးပဲ တိုးချဲ့ရမှာ ဖြစ်ပါတယ်။ အဲ့ဒီလိုချဲ့လိုက်လို့ရှိရင် မြို့ထဲကို ဝင်မယ့် ကားတွေအတွက်လည်း အဆင်ပြေမယ်။ အဖြောင့်ဆက်သွားမယ့် ကားတွေအတွက်လည်း အဆင်ပြေမှာ ဖြစ်ပါတယ်။

အခု ကိုရာဇာ ရေးဆွဲတင်ပြတဲ့ လမ်းဆုံရဲ့ Intersection Design ကတော့ Fundamental ရေးဆွဲတာ ဖြစ်ပါတယ်။ သူ့ရဲ့လမ်းရဲ့ အကျယ်တွေ၊ အနိမ့်၊ အမြင့်တွေကိုတော့ AADT တွေနဲ့ တွက်ချက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနက Intersection Design ဌာနမှာ ဒီဇိုင်းအသေးစိတ်တွေကို တောင်းခံပြီးတော့ ဆောင်ရွက်နိုင်ရင် ကျွန်တော်တို့ မန္တလေးလမ်းဆုံတွေက နိုင်ငံတကာမြို့တော်ကြီး လမ်းဆုံတွေနဲ့ လိုက်လျောညီထွေရှိစွာ တိုးတက်လာမှာဖြစ်ပြီး International Standard တွေနဲ့ ညီမျှလာမှာ ဖြစ်ပါတယ်။

အဲ့ဒီလိုလုပ်ဖို့အတွက် ကျွန်တော်တို့က လမ်းတာရိုး Formation ကို စတင်ပြီးတော့ ချဲ့ရမှာ ဖြစ်ပါတယ်။ လမ်းတာရိုး Formation ကို ချဲ့ပြီးတဲ့အချိန်မှာလည်း ဒီလမ်းတွေရဲ့ Sub-base တွေ၊




Base တွေကို မက္ကဒမ်ခင်းမှာလား၊ Stabilize ခင်းမှာလား။ Pavement တွေကိုလည်း AC ခင်းမှာလား။ ကွန်ကရစ်ခင်းမှာလား စသည်ဖြင့် MCDC က ရွေးချယ်ပြီးတော့ လမ်းလွှာ Design တွေကိုလည်း အပ်နှံလို့ရပါတယ်။ ဒီလမ်းမကြီး ဒီဇိုင်းတွေနဲ့ အချက်ပြစနစ်တွေနဲ့ Road Lane Paint တွေ ရေးဆွဲပြီးတော့ မီးပွိုင့်တွေ တပ်ဆင်လို့ရှိရင်လည်း ရပါတယ်။ တင်ပြပါအတိုင်း လမ်းဆုံတွေကို ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ မန္တလေးမြို့ရဲ့ Intersection Point တွေက နိုင်ငံတကာ စံချိန်စံညွှန်းမီ လမ်းမကြီးတွေ ဖြစ်လာမယ်၊ အန္တရာယ်လည်း ကင်းရှင်းမယ်။ ယာဉ်သွား၊ ယာဉ်လာတွေလည်း ပိုမို၍ လွယ်ကူချောမွေ့လာမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

**ရွှေဇင် (Natural Resources)**



## စဉ့်ကူးမြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ရှိနေသော ကျောင်းသား၊ ကျောင်းသူများအတွက် Placement Test စာမေးပွဲ ကျင်းပ

**စဉ့်ကူး ဇွန် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ရှိနေသော ကျောင်းသား၊ ကျောင်းသူများအတွက် Placement Test စာမေးပွဲ ကျင်းပခြင်းကို ယနေ့နံနက် ၉ နာရီမှစ၍ စဉ့်ကူးမြို့နယ်အတွင်းရှိ စာစစ်ဌာန ကိုးခုတွင် ဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ပုံ)**

အဆိုပါစာမေးပွဲများ ကျင်းပလျက်ရှိရာသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်၊ စဉ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းတို့က လှည့်လည်ကြည့်ရှုအားပေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါစာမေးပွဲများကို စဉ့်ကူးမြို့နယ်တွင် အ·ထ·က- စဉ့်ကူး၊ အ·ထ·က-လက်ပန်လှ၊ အ·ထ·က-ကျည်တောက်ပေါက်၊ အ·ထ·က-နွယ်ရုံ၊ အ·ထ·က-ထုံးကြီး၊ အ·ထ·က-ရွှေပြည်၊ အ·ထ·က-ဆည်သည်၊ အ·ထ·က (ခွဲ)-ညောင်ဝန်း၊ မူလွန်-ရွှေကူကြီး၊ စုစုပေါင်း စာစစ်ဌာနကိုးခုတို့တွင် ကျင်းပလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၈၀၉ ဦး ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသည်။

အခြေခံပညာဦးစီးဌာနသည် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိရေး၊ ကျောင်းနေမြဲရေးနှင့် အနည်းဆုံး KG+9 ပြီးမြောက်ရေးတို့အတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ရှိနေသော ကျောင်းသား၊ ကျောင်းသူများအတွက် ရောက်ရှိနေသော အသက်အရလည်းကောင်း၊ တတ်မြောက်ခဲ့သော ပညာအရည်အချင်းအရသော်လည်းကောင်း အတန်းတင်ပေးမည့် မူချမှတ်၍ ကျောင်းများသို့ စနစ်တကျ ဝင်ရောက်သင်ယူနိုင်ရန် အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် Placement Test စာမေးပွဲစစ်ဆေးခြင်းဖြစ်သည်။ ယခုစာမေးပွဲကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် တစ်ကြိမ်သာ ဆောင်ရွက်မည်ဖြစ်ပြီး နောင်ပညာသင်နှစ်များတွင် ဆောင်ရွက်မည်မဟုတ်ကြောင်း သိရသည်။

**တင်စာလွင်(ပြန်/ဆက်)**

*-*-*-*-*

## မိုးလုံ၊ လေလုံ အားကစားရုံရှေ့ရှိ ပျံကျဈေးသည်များအား ရှင်းလင်း

**မူဆယ် ဇွန် ၁၅**

မူဆယ်မြို့၊ ခရစ်ယာန်ရပ်ကွက်၊ မိုးလုံ၊ လေလုံ အားကစားကွင်း အရှေ့မျက်နှာစာတွင် ဆိုင်ခန်းများအား မြို့အင်္ဂါရပ်နှင့်အညီ ထားရှိရန်အတွက် ပျံကျဈေးသည်များအား ရှင်းလင်းရန် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇွန် ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် မူဆယ်မြို့၊ ခရစ်ယာန်ရပ်ကွက်၊ မိုးလုံ၊ လေလုံ အားကစားရုံရှေ့ရှိ ပျံကျဈေးသည်များအား ရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ငန်းအား မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန စည်းကမ်းထိန်းဌာနစိတ်မှ ဦးကျော်ဖေ (ဦးစီးအရာရှိ)၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းအင်အား ၂၀ ဦး၊ သန့်ရှင်းရေးယာဉ် တစ်စီးတို့ဖြင့် ပျံကျဈေးသည်များ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၄၀)**



## မဟာမြိုင်(၁)ရပ်ကွက် ပြည်သူများ ဘုံဆွမ်းလောင်းအသင်း (၄၄)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇွန် ၁၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁) ရပ်ကွက်ပြည်သူများ ဘုံဆွမ်းလောင်းအသင်း၏ (၄၄)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ပထမဝါဆိုလဆန်း ၁ ရက် နံနက် ၅ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေအပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ငါးခြောက်၊ အသားတုကြော်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်၊ သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၁၆၀၀၀၀ နှင့် သင်္ကန်း ၁၆ စုံကို ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး + ဒေါ်ယုယုဇော် (ပီတိသုခမိသားစု)၊ လစဉ် လဆန်း ၁ ရက်နေ့တိုင်း ဝက်သားအလှူရှင် ဦးမျိုးဝင်း + ဒေါ်အိအိချော ကောင်းထက်မဟာမိသားစုများ၊ ကာဗာတိုင်းပြည် မိသားစုများ၊ ကွယ်လွန်သူ ဖခင်ကြီး ဦးသာအေး + မိခင်ကြီး ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင် + ဒေါ်ခင်ချိုဝင်း မိသားစု၊ ဖခင်ကြီး ဦးချိန်စီ + မိခင်ကြီး ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ (သား) မောင်ကျော်သက်ဦး မောင်နှမ တစ်စု၊ ဦးရိမ်ပါထိုင် + ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကို ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း + ဒေါ်နန်းရတနာမိုး ပန်တော်ဦး အမျိုးသမီးအဆောင် မိသားစုများ၊ ဦးကျော်ဝင်းစိန် + ဒေါ်အေးအေးဆွေ၊ (သမီး) ဝင်းမာလာကျော် တိမ်လွှာအလှပြင်ဆိုင်၊ ဒေါ်မေသဇင်ဦး မိသားစု၊ ဦးအောင်ဖြိုးမင်း + ဒေါ်အေးအေး စန်း Unit Solar မိသားစု၊ ဦးအားချုန့် + ဒေါ်ကျန်းထုံးမိသားစု၊ မိခင်ကြီး ဒေါ်နန်းမွေအား ရည်စူး၍ ဖခင်ကြီး ဦးသန်းထွန်းဝင်းအား အမှူးထားလျက် ဦးသက်မင်းထွန်း + ဒေါ်အိသီရိမင်း၊ မောင်ဟိန်းသန့်ဇင် မိသားစု၊ ဦးတင်လင်း + ဒေါ်ခိုင်ဝေဝေဖြိုး (သမီး)မပိုးရတီခေတ် မိသားစု၊ ဦးတူး+ဒေါ်အေးအေးမြင့် ဥယျာဉ်တန်း မိသားစု၊ ဦးကျော်လွင် + ဒေါ်ခင်စန်းကြည်မိသားစု၊ ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသူ၊ အသင်းသားများက လောင်းလှူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၄ဝ)**



## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ အသိပညာပေးဟောပြော



**မိုင်းယောင်း ဇွန် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဖကျောက်ကျေးရွာနှင့် ဝမ်ပေါ့ကျေးရွာတို့၌ ယမန်နေ့က အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး၊ လူငယ်ရေးရာ၊ လူကုန်ကူးမှုအန္တရာယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူထွေ့ကင်းစင်ရေး၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်း တားဆီးကာကွယ်ရေးများကို ဟောပြောပြီး အုတ်ကြွပ်များ အဆင့်မီထုတ်လုပ်နိုင်ရေး၊ ရာဘာ၊ ကော်ဖီနှင့် လက်ဖက်များ ကုန်ချောထုတ်လုပ်နိုင်ရေး၊ ၂၀၂၆-၂၀၂၇ ဆီထွက်သီးနှံ နေကြာ လျာထားချက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ရေချောင်းများ သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်များ စနစ်တကျ စွန့်ပစ်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် ကျေးရွာများ၌ မြေငှားဂရန်ပေးအပ်ရာတွင် လူနေအိမ်များ လမ်းနယ်နိမိတ်နှင့် လွတ်ကင်းမှု ရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**စိုင်းအောင်ဇော်လင်း**




### ရေချိုးတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

### မြန်မာ့ရှုခင်း

- ကောင်းကင်ဝဠာ တစ်ခိုမှာ
  တိမ်ညိုတွေ မှိုင်းပြာ ။
  ကဆုန်စိုင်းကာ အပြေးလာ
  ပြိုတော့မလိုပါ ။
- မိုးစက်လေးတွေ ရွာစေချင်
  ပုလဲလုံးအသွင် ။
  လယ်ကွင်းတွေမှာ ရေပြည့်လျှင်
  စိမ်းလန်းစိုပြည်လွင် ။
- အရုဏ်ဦး မိုးမလင်းခင်
  လယ်ယာလုပ်ငန်းခွင် ။
  နွားကြံစုံနဲ့ ပျိုးခင်းဝင်
  တောင်သူ့စွမ်းအားရှင် ။
- လယ်ထွန်၊ ထယ်ထိုး စိုက်ပျိုးကြ
  အားမာန်တွေ တက်ကြွ ။
  လယ်တောသူတွေ ကောက်စိုက်ရင်း
  သီချင်းသီဆိုကြ ။
- ကောက်ပဲသီးနှံ နှစ်သီးစားရ
  တောင်သူတွေ ပျော်ကြ ။
  သားရှင်ပြု သမီးနားသ
  မြတ်သော အလှူဒါန ။
- စားနပ်ရိက္ခာ ဖူလုံကာ
  စိတ်အေးချမ်းသာယာ ။
  မြန်မာတို့ရဲ့ အသက်သွေးကြောဟာ
  ဆန်ရေစပါးပါ ။ ။

**မိုးထက်ကို(အမရပူရ)**

## လေယာဉ်လက်မှတ်ခ သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချပါက ဥပဒေနှင့်အညီ အရေးယူမည်

**မန္တလေး ဇွန် ၁၅**

လေယာဉ်လက်မှတ်ခ သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးထားသည်။

လေယာဉ်လိုင်းများ၏ လေယာဉ်လက်မှတ်ခ နှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့သည့် Agent အမည်၊ ဝယ်ယူခဲ့ရသည့်ဈေးနှုန်းနှင့် ငွေပေးချေသည့် အထောက်အထား စသည့် တိကျသည့် သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်သည်။

လေယာဉ်လက်မှတ်ခ နှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချသည့် မည်သူမဆို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးထားကြောင်း သိရသည်။ **(အောက်ပုံ)**

**ရွှေမန်း**



# အများပြည်သူ သိရှိနိုင်စေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ်(၇၃-ဃ)၊ ဧရိယာ(၀ ဒသမ ၀၃၀၀) ဧကရှိ ဂရန်မြေယာကွက်နှင့် အာရ်စီ (၃)ထပ်တိုက်မှာ ဦးအောင်သိန်း(ပါ-၂) အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်သိန်း(ပါ-၂)ထံမှ မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်မှတ်ပုံတင်နံပါတ် (၁၁၃၆/၂၀၂၆)ဖြင့် မောင်ရှန်(ခ) အောင်ကျော်ကျော်က ဝယ်ယူခဲ့ပြီး ၎င်း၏ကိုယ်စား သက်ဆိုင်ရာ ရုံး၊ဌာနအသီးသီးတို့တွင် ဆောင်ရွက်နိုင်စေရန် မှတ်ပုံတင်အထွေထွေကိုယ်စားလှယ် စာအမှတ်(၅၂/၂၀၁၈)ဖြင့် ဦးဝင်းမြင့်(၁/မညန(နိုင်)၀၇၉၆၈၉)ထံသို့ လွှဲအပ်ထားပါသည်။ ယခုအခါ ဦးကျော်လှ+ဒေါ်ဝင်းလတ်အေး (အတူနေ ဇနီးမောင်နှံ)တို့မှ အထက်ပါ မြေကွက်နှင့်အဆောက်အအုံကို အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ဦးဝင်းမြင့်ထံသို့ စရန်ငွေ အချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပြည့်စုံခိုင်မာသည့် ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူ သိရှိနိုင်စေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

ဦးဝင်းအောင်
**B.Ag , H.G.P, D.B.L, P.G.D.L(online)**
တရားလွှတ်တော်ရှေ့နေ
စဉ်–၁၅၅၆၄ (၂၇-၆-၂၀၁၉)
အမှတ်(၂၁၃)၊ ၃၁လမ်း၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၂၀၁၁၃၁၂၊ ၀၉–၉၆၈၀၆၆၅၉၈

ဒေါ်ခင်သန္တာအောင်
**(LL.B , LL.M)**
တရားလွှတ်တော်ရှေ့နေ
စဉ်–၁၄၄၅၉ (၃၁-၅-၂၀၁၈)
၁၀၉လမ်း၊ ၄၅လမ်းနှင့် ၄၆လမ်းကြား၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၈၉၇၆၄၈၈၄၃

ဦးဝင်းမင်းသိမ့် **(LL.B)**
တရားလွှတ်တော်ရှေ့နေ
စဉ်–၁၀၀၂၈/၂၀၁၄
တစ်ဆင့်/ ၀ေဆာမျိုး–ပျိုးပင်ခြံ၊ ၈၆လမ်း၊
၁၄လမ်းနှင့် ၁၅လမ်းကြား၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၄၃၁၅၀၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၃၇)၊ ဦးပိုင်အမှတ်(၄၇)၊ မြေဧရိယာ (၀ ဒသမ ၀၃၅၃)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ညိန်းဖုံ အမည်ပေါက် ပိုင်ဆိုင်သော ဘိုးဘပိုင် မြေကွက်မှာ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်(၆၅၆/၁၉၅၁)အရ ဦးစံဖေမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။

အထက်ပါ မြေကွက် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးစံဖေ ကွယ်လွန်ပြီး မြန်မာလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံခွင့်အရ ပူးတွဲပိုင်ဆိုင်ကြပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးလှအောင်(ဘ)ဦးစံဖေ (၅/မမတ(နိုင်) ၀၂၆၈၆၃)(ပါ-၉)ဦးတို့မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရတနာလှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ**
**အကွက်(၈၅၂)၊ ချမ်းမြသာစည်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉–၄၃၀၆၇၆၇၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၄၂)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၄၀×၃၀) အကျယ်အဝန်းရှိ ဦးလှရွှေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းသန်းထွေး(ဘ)ဦးအုန်းသီး(၁/မကတ(နိုင်)၀၅၁၈၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅-$N_1$)၊ ဦးပိုင်အမှတ်(၁၄၉) မြေကွက်အတွင်းမှ ဧရိယာ ပေ(၂၀×၅၀) အကျယ်အဝန်းရှိ ဂရန်လျှောက်ထားခွင့်ရှိ မြို့မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် အာရ်စီ (၁)ထပ်ခွဲ အဆောက်အအုံ၊ ရေ+မီး (ဆက်လက်သုံးစွဲခွင့်) အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ စီမံခန့်ခွဲပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဦးအောင်ထွန်းဇော်(ဘ)ဦးမာမက်(၅/ရဘန(နိုင်)၁၃၀၄၆၉)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်မွန်စန်း(ခ)ဒေါ်ရင်မွန်ဆန်း(ဘ)ဦးသောင်းရှိန်(၉/အမဇ(နိုင်)၀၂၉၈၃၁)က (၁၁-၆-၂၀၂၆)ရက်တွင် ရောင်းကြေးငွေများကို အပြေအကြေပေးချေကာ လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများ၊ သက်ဆိုင်ရာ တရားရုံးတို့၏ စီရင်ချက်၊ ဒီကရီများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်အိမွန်ကျော်**
**[ LL.B , D.I.R , D.B.L , P.G.D.E (Eng) , WIPO ]**
**တရားလွှတ်တော်ရှေ့နေ**

**ဦးဖြိုးစာနည်လင်း**
**(LL.B)**
**အထက်တန်းရှေ့နေ**

**အကွက်(၂၀၄)၊ ရန်ကင်းအောင်ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉–၄၃၀၉၉၃၀၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ သုခမင်္ဂလာ(၃)၊ ကွင်းအမှတ်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်အမှတ်(၃/၃၀)၊ ဧရိယာ (၀ ဒသမ ၀၅၅) ဧက အကျယ်အဝန်းရှိ ဒေါ်ညိုညို(ခ)ဒေါ်ခင်ညို အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အဆောက်အအုံ၊ ရေတိုင်၊ လျှပ်စစ်မီတာ ပါဝင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်သော ဦးဇေယျာထွန်း(ဘ)ဦးလှဒင့်(၈/နမန(နိုင်)၁၂၂၂၈၅)၊ ဒေါ်ဝင်းသန္တာ(ဘ)ဦးကျော်ဝင်း(၁၂/မရတ(နိုင်)၁၃၆၁၂၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြင့်သူ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉–၄၃၀၁၁၁၆၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၇)၊ ဦးပိုင်အမှတ်(၆၂-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသန့်ဇင်(ဘ)ဦးမြသောင်း(၉/ခမစ(နိုင်)၀၂၄၀၈၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ–၁)၊ ၆၇လမ်း၊ ၃၁–အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၇၈၆၇၊ ၀၉–၇၆၂၀၃၇၈၆၇၊ ၀၉–၇၉၂၀၃၇၈၆၇၊ ၀၉–၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၀ ဒသမ ၀၂၅၅)ဧက အကျယ်အဝန်းရှိ ဒေါ်သဥ္ဇာနွယ် အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူဖြစ်သည့် ဒေါ်သဥ္ဇာနွယ်(ဘ)ဦးခင်မောင်သိန်း(၉/မကန(နိုင်)၀၈၈၆၀၀)က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြုပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**
**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့)၊ ဦးထက်ပိုင်စိုး(ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ(ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လှိုင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးကျော်ရဲအောင် (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**ရုံးခန်း – လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၅၅၉၂၆၊ ၀၉–၇၅၂၄၅၅၉၂၆၊ ၀၉–၉၄၀၇၉၀၀၉၉၊ ၀၉–၇၉၇၃၅၀၀၇၁၊ ၀၉–၄၀၂၆၄၇၆၂၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၈)၊ ဦးပိုင်နံပါတ်(၂၇-ခ/၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၀၆)ဧက အကျယ်အဝန်းရှိ ဦးလှမင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နီလာစိုး(ဘ)ဦးညွန့်သောင်(၉/ခမစ(နိုင်)၀၆၅၀၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၈)၊ ဦးပိုင်နံပါတ်(၁၃၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အရှေ့ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ ဦးမောင်နိုင်(ခ)ဦးသန်းနိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတိုးတိုး(ဘ)ဦးရွှေခဲ(၉/မနတ(နိုင်)၀၈၅၀၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M) ဒေါ်အေးနန္ဒာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိကုန်းရပ်ကွက် ဒေါ်မြသင်(စလစ်) အမည်ပေါက် အကွက်ကြီးအမှတ်(၆)၊ ဦးပိုင်/မြေကွက်အမှတ်(၁၂၅)၏ ပေအကျယ်(အလျား၄၀×အနံ၁၅ပေ) အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး) အပြည့်စုံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ထွေးထွေး(ဘ)ဦးထွန်းရီ(၉/ခမစ(နိုင်)၀၇၃၈၈၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော် (LL.B) Advocate**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၂၀၂၃၂)**
**မန္တလေးမြို့ ။ ဖုန်း ၀၉–၇၇၄၅၆၈၅၂၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်နံပါတ်(၂၃၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးအောင်မြင့်(ဘ)ဦးမောင်လေး(၉/မရတ(နိုင်)၀၀၇၃၁၄)နှင့် ဦးမြင့်(ဘ)ဦးညိုတို့ အမည်များဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်ဖြစ်ပါသည်။ အထက်ပါ မြေကွက်ထဲမှ အရှေ့ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ် (ရေ+မီး အပါအဝင်)၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ခင်စိုးဝင်း(ဘ)ဦးဘချစ်(၉/မရတ(နိုင်)၀၇၀၅၅၅)ထံက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေဇော်ဦး (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဗဗ–၄)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉–၄၃၁၈၅၉၁၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ဘယ်လင်းကျေးရွာအုပ်စု၊ ကွင်းအမည်(ဘယ်လင်း N)၊ ကွင်းအမှတ်(၁၁၄)၊ ဦးပိုင်အမှတ်(၁၄၀/၂)၊ ဧရိယာ(၂ ဒသမ ၃၄)ဧကနှင့် ဦးပိုင်အမှတ်(၁၄၀/၆)၊ ဧရိယာ(၀ ဒသမ ၂၀)ဧက၊ စုစုပေါင်း ဧရိယာ(၂ ဒသမ ၅၄)ဧက အကျယ်အဝန်းရှိ ဦးဝင်းလွင် အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိထားသော လယ်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ လုပ်ပိုင်ခွင့်၊ အကျိုးခံစားခွင့်တို့ကို လက်ရှိလက်ရောက် လုပ်ကိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးဝင်းလွင်(ဘ)ဦးသန်းစိန်(၉/စကတ(နိုင်)၀၁၂၇၃၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တချို့တစ်ဝက်ဖြစ်သော စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေ တရားဝင်ပိုင်ဆိုင်မှု အပြည့်အဝရရှိရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဦးမျိုးကိုကို (LL.M) ဒေါ်မေရတနာဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၄၅လမ်း၊ မနော်ဟရီလမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၃၁၇၅၆၆၅၊ ၀၉–၄၀၂၅၃၆၂၂၆**

## ကွာရှင်းပြတ်စဲပြီးကြောင်း
## အများသိစေရန် အသိပေးကြေညာခြင်း

ဦးအောင်မျိုးလွင်(ဘ)ဦးဌေးအောင်(၁၃/တကန(ဧည့်)၀၀၁၆၇၇)နှင့် ဒေါ်လင်းလင်း(ဘ)ဦးစိန်ကိုး(၉/မဟမ(ပြု)၀၀၀၀၅၄)တို့သည် (၈-၉-၂၀၂၅)ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကတိသစ္စာပြုလွှာ ပြုလုပ်၍ ကွာရှင်းပြတ်စဲထားကြသူများ ဖြစ်ပါသည်။ ထို့ကြောင့် ဦးအောင်မျိုးလွင်နှင့် ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး လူမှုရေး၊ စီးပွားရေး တစ်စုံတစ်ရာမျှ ပတ်သက်ဆက်နွှယ်ခြင်း အလျဉ်းမရှိပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သော ကိစ္စရပ်များကိုလည်း တာဝန်ယူ၍ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လင်းလင်း**
**(၉ /မဟမ(ပြု)၀၀၀၀၅၄)**
**ဖုန်း ၀၉–၇၉၂၀၃၄၁၃၆**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# လုံခြုံရေးတပ်ဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နှင့်ကံမမြို့သို့ ဆက်သွယ်ထားသည့် ကားလမ်းမပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ ၄၆ လုံးအား ဖယ်ရှားရှင်းလင်းနိုင်ခဲ့

နေပြည်တော် ဇွန် ၁၅

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေရန်၊ ကုန်စည်စီးဆင်းမှုကို ရပ်တန့်စေရန်၊ ခရီးသွားပြည်သူများ ထိခိုက်အန္တရာယ်ဖြစ်စေပြီး လမ်းပန်းဆက်သွယ်ရေး အခက်အခဲဖြစ်စေရန် ရည်ရွယ်ကာ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော လမ်းမကြီးများ၊ ရထားလမ်းများအား ဖောက်ခွဲရေးပစ္စည်းကိရိယာများ အသုံးပြု၍ မိုင်းထောင်ဖောက်ခွဲခြင်းများကို အသိတရားမဲ့စွာ ပြုလုပ်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူမြို့နှင့် ကံမမြို့သို့ ဆက်သွယ်ထားသည့် ကားလမ်းမကြီးတစ်လျှောက်တွင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ကတ္တရာလမ်းအား ကျင်းတူးပြီး ဆီပီပါခွံများဖြင့် ကားမိုင်းအဖြစ်ပြုလုပ်ကာ မိုင်းထောင်ပိတ်ဆို့ထားရှိပြီး ခရီးသွားပြည်သူများအား တောလမ်းများကို ရှောင်ကွင်းလမ်းအဖြစ်အသုံးပြုစေကာ ဂိတ်ဖွင့်၍ ငွေကြေးတောင်းခံမှုများ ပြုလုပ်နေကြောင်း တာဝန်သိ ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး လုပ်ငန်းများဆောင်ရွက်ပြီး အဆိုပါ ကားလမ်းမကြီးတစ်လျှောက် မိုင်းရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ကံမမြို့နယ် ညောင်ဂျစ်ပင်ရွာအနီး ကားလမ်းဘေး ဝဲ/ယာဘက်များ၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့ ထောင်ထားသည့် ဆီပီပါဖြင့် ပြုလုပ်ထားသော ကားမိုင်းကြီး ၁၅ လုံး၊ လက်လုပ်နင်းမိုင်း ရှစ်လုံး၊ လက်လုပ်မြေမြှုပ်မိုင်း ၁၀ လုံးကို လည်းကောင်း၊ ဇွန် ၁၄ ရက်တွင်

စာမျက်နှာ ၁၀ သို့ ❖



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နှင့် ကံမမြို့နယ်သို့ ဆက်သွယ်ထားသည့် ကားလမ်းမကြီးပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ ၄၆ လုံးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းခဲ့မှုကို တွေ့ရစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံတစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး

နေပြည်တော် ဇွန် ၁၅

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းများကို

စာမျက်နှာ ၁၀ သို့ ✢



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံအား ဖြိုဖျက်ပြီးတွေ့ရစဉ်။

# ရာသီအဖွင့်ပွဲစဉ်တွင် ဂိုးပြတ်ရလဒ်နှင့်အတူ ရမှတ်ပြည့်ရယူနိုင်ခဲ့သည့် ISPE FC အသင်း

ရန်ကုန် ဇွန် ၁၅

Myanmar Women's League 2026-2027 ရာသီအဖွင့်ပွဲစဉ်၌ ယနေ့ညနေပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏကွင်းတွင် ISPE FC အသင်းနှင့် ရှမ်းယူနိုက်တက် အက်ဖ်စီအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ISPE FC အသင်းက ရှမ်းယူနိုက်တက်အက်ဖ်စီ အသင်းကို လေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အက်ဖ်စီ အတွက် ပွဲချိန် ၁၈ မိနစ်တွင် ဝင်းသူဇာအောင်က ဦးဆောင်ဂိုး သွင်းယူခဲ့သော်လည်း ISPE FC အသင်းအတွက် ၃၂ မိနစ်တွင် မိုးမမိုးက ချေပဂိုးရယူပေးခဲ့သည်။ ချေပဂိုး ရရှိပြီးနောက်ပိုင်း ISPE FC အသင်းက ဖိဖိစီးစီးကစားခဲ့ပြီး ၃၈ မိနစ်တွင် စန္ဒာလင်း၊ ၄၁ မိနစ်တွင် လင်းမြင့်မိုရ်၊ ၈၈ မိနစ်တွင် ဆုပြည့်ပြည့်ကျော်တို့က အနိုင်ဂိုးများသွင်းယူပြီး ပွဲဦးထွက် တာထွက်လှခဲ့သည်။



Myanmar Women's League 2026-2027 Week-1 ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဇွန် ၁၆ ရက် ပဒုမ္မာကွင်းတွင် Young Lionesses FC အသင်းနှင့် မြဝတီအက်ဖ်စီ အသင်း၊ Y.U.S.C ကွင်းတွင် ရန်ကုန်ယူနိုက်တက်အက်ဖ်စီနဲ့ ရတနာပုံ အက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(နိုင်ကမ္ဘာ)

# ကူကူရယ်လာကို ရီးရဲလ်မက်ဒရစ်အသင်း ခေါ်ယူ

မက်ဒရစ် ဇွန် ၁၅

စပိန်လာလီဂါထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှု အနေဖြင့် ချဲလ်ဆီးအသင်း နောက်ခံကစားသမား ကူကူရယ်လာကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၅၁ ဒသမ ၈ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၃၂ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ကူကူရယ်လာသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၃ပွဲကစားပြီး ကိုးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကူကူရယ်လာသည် ယခုနှစ်နွေရာသီဈေးကွက်အတွင်း ရီးရဲလ်မက်ဒရစ်အသင်း၏ ပထမဆုံး ကစားသမားခေါ်ယူနိုင်မှုလည်းဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကူကူရယ်လာက "ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းကို ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းလို ကမ္ဘာ့ကြီးကျယ်ခမ်းနားဆုံး အသင်းတစ်သင်းကို ပြောင်းရွှေ့ခွင့်ရလို့လည်း အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုဆုဖလားများစွာကိုလည်း ရယူသွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

(NGB)

